ဤ ဆန်းလက်ဆောင်ကျမ်း ၌

- ဆန်းစည်းမျဉ်းများ
- ပုဂ္ဂိုလ်တိုင်း လက်လုမ်းမီသော ရှေးဟောင်း နမူနာ ပုံစံများ
- လက်စွမ်းပြ ဆန်းသစ်သည့် နမူနာ ပုံစံများ
- ဂါထာ စစ်ဆေးနည်းများ
- ဉာဏ်ကစားနည်းများ
- မမေ့ပျောက်အောင် ဆောင်ထားစရာများ
- ဝယ်ယူများ စသည် စသည်တို့ကို

  တစ်နေ့ ၁-နာရီခွဲ ၂-နာရီ ၅-ရက်ခန့်မျှဖြင့်

  ဆန်း၏အရသာ ခံစားနိုင်ရန် စီစဉ်ထားပါသည်။

GRAPHIC
NAY WINN AUNG
09908 1597

ဆန်းလက်ဆောင် ▲ အရှင် တိလောကာဘိဝံသ (အင်းစိန်)

မြန်မာစာဖတ်သူတိုင်း ဆန်းအရသာ အမြန်ဆုံးခံစားစေနိုင်သော

ဆန်းလက်ဆောင်

စာပေအမှတ်စဉ်-၁၇

အရှင် တိလောကာဘိဝံသ

(အင်းစိန်)

မြန်မာစာပေတတ်သူတိုင်း
ဆန်းအရသာ
အမြန်ဆုံးခံစားစေနိုင်သော

ဆန်းလက်ဆောင်

စာပေအမှတ်စဉ်-၁၇

အရှင် တိလောကာဘိဝံသ
(အင်းစိန်)

ဆန်းလက်ဆောင် ▲ အရှင် တိလောကာဘိဝံသ(အင်းစိန်)

မြန်မာစာပတ်သူတိုင်း
ဆန်းအရသာ
အမြန်ဆုံးခံစားစေနိုင်သော

ဆန်းလက်ဆောင်

စာပေအမှတ်စဉ်-၁၇

အရှင် တိလောကာဘိဝံသ
(အင်းစိန်)

ဤ ဆန်းလက်ဆောင်ကျမ်း ၌

- ဆန်းစည်းမျဉ်းများ
- ပဂ္ဂိုလ်တိုင်း လက်လုပ်မီသော ရှေးဟောင်း နမူနာ ပုံစံများ
- လက်စွမ်းပြ ဆန်းသစ်သည့် နမူနာ ပုံစံများ
- ဂါထာ စစ်ဆေးနည်းများ
- ဉာဏ်ကစားနည်းများ
- မမေ့ပျောက်အောင် ဆောင်ထားစရာများ
- ဝယ်ယူများ စသည် စသည်တို့ကို

  တစ်နေ့ ၁-နာရီနဲ့ ၂-နာရီ ၅-ရက်ခန့်မျှဖြင့်

  ဆန်း၏အရသာ ခံစားနိုင်ရန် စီစဉ်ထားပါသည်။

မြန်မာစာဖတ်တတ်သူတိုင်း
ဆန်းဘရသာ
အမြန်ဆုံးခံစားစေနိုင်သော

ဆန်းလက်ဆောင်

စာပေအမှတ် ၁၇

ဘရင်ဘီလောကာဘိဝံသ
အင်းစိန်

သာသနာနှစ် –၂၅၃၉ ကောဇာသက္ကရာဇ်– ၁၃၅၇
ခရစ်နှစ်–၁၉၉၅

စာမူခွင့်ပြုအမှတ် - ၈၈/၉၅ (၉)
မျက်နှာဖုံးခွင့်ပြုအမှတ် - /၉၅ (၉)
အုပ်ရေ- ၁၀၀၀ (ပထမအကြိမ်)
၁၉၉၅-ခု အောက်တိုဘာလ
တန်ဖိုး ၄၀ - ကျပ်
ပုံနှိပ်သူ။ ။ဦးကျင် (၀၄၉၃၃)
ချန်ပီယံအော့ဖ်ဆက်ပုံနှိပ်တိုက်
၁၄၁၊ ၃၈-လမ်း၊ ရန်ကုန်မြို့။
အဖုံးရိုက်။ ။ဒေါက်တာ အေးအေးမြင့် (၄၂၉-ယာယီ)၊
မြစ်မခ အော့ဖ်ဆက်၊ အမှတ်- ၁၁၂၊
၃၃-လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၈၇၄၈၃။
ထုတ်ဝေသူ။ ။ဦးလှစိန် (၀၃၀၁၉)
ထွန်းလှကျော်စာပေ
အမှတ် ၂၁၉၊ အသောကလမ်း
၁၃-ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး။ ။မေဓာဝံသကျောင်းဆောင်
ရွာမပရိယတ္တိစာသင်တိုက်
ရွာမအနောက်ရပ်၊ အင်းစိန်မြို့နယ်။
ဖုန်း - ၆၄၀၀၇၅

မိတ်ဆက်စကား – ၁

ထေရဝါဒဗုဒ္ဓသာသနာ စတင်ထွန်းကားရာ ပုဂံခေတ်မှသည် ယနေ့မျက်မှောက်ခေတ်အထိ သံဃာတော်များ၏ စာသင်နည်းကို လေ့လာသုံးသပ်ကြည့်လိုက်လျှင်–

၁။ ပါဠိကျက်ရခြင်း။

၂။ ပါဠိတစ်ကြော့ မြန်မာတစ်ကြော့ဖြင့် ဝိဘာတ်သံ မပျောက်စေဘဲ အနက်ပေးရခြင်း။

၃။ ပါဠိစကားလုံးများမပါဝင်စေဘဲ မြန်မာသက်သက် ပြန်ဆိုရခြင်း။

၄။ သက်ဆိုင်ရာ အဖွင့်ကျမ်းများကိုကြည့်ရှု၍ အဓိပ္ပါယ် ယူဆ,ရခြင်း–ဟူသော အဆင့်(၄)ဆင့်ကို တွေ့ကြရ မည် ဖြစ်ပါသည်။

ယခု စာရှုသူတို့၏လက်ဝယ်ရောက်ရှိလာသော ဆန်းလက်ဆောင် ကျမ်းသည် အဆိုပါ အဆင့်(၄)ဆင့်တို့တွင် (၁–၂) အဆင့်တို့ကို ခုနှစ်ကျော်၍ ရေးသားတင်ပြထားခြင်းကြောင့်– ပါဠိမကျက်,အနက်မတက်ဖူးသော သုတေသီတို့အတွက် လွယ်လွယ်ကူကူလေ့လာနိုင်သော ကျမ်းစာတစ်ခု ဖြစ်ပါသည်။

ပထမကြီးတန်းဝင် စာသင်အရှင်မြတ်တို့အတွက်လည်း– ဆန်းဘာသာ အမှတ်(၂၀)ရဘို့ရန် အခြေခံကျမ်းစာတစ်ခုဟု ဆိုကလည်း မမှားနိုင်ပါ။

မှန်ပါသည်။ မိမိသည် ကျောင်းတိုက် စာဝါများကို ပို့ချဖို့ရန် တာဝန်ခွဲဝေယူစဉ်က ဤဆန်းဘာသာကို ပို့ချရန် တာဝန်ယူခဲ့ရပါသည်၊ သို့သော်– ဆန်းဘာသာကို စိတ်ဝင်စားမှု မရှိလှပါ။ စိတ်မဝင်စားခြင်းမှာ––– ပထမကြီးတန်း ဆန်းဘာသာ အမှတ်(၂၀)ရှိဘို့ရန်နှင့် ပါဠိဂါထာများ ဆန်းစစ်တတ်ရန်, မိမိကိုယ်တိုင် ဂါထာစီကုံးတတ်ရန်အတွက် ဆရာမျိုးစုံ သမားဂုဏ်ပြုထားသော စာအုပ်ထူကြီးများကို မကြည့်ရှုနိုင်ခြင်း, မကြည့်ရှုလိုခြင်းတို့ကြောင့် ဖြစ်ပါသည်။

ဤဆန်းဘာသာကို ပထမအကြိမ် ပို့ချစဉ်က မိမိသင်ယူဖူးထားသည့် ရှေးရိုးစဉ်လာအတိုင်း ပို့ချရာ စာသင်သားများ စိတ်ဝင်စားမှု, နှားလည်မှု နည်းပါးသဖြင့် မိမိကိုယ်တိုင်လည်း အခက်အခဲများစွာတွေ့ရှိရပါသည်။

ယခု အခါ၌မူ ကျမ်းပြုဆရာတော်၏ နည်းပေး လမ်းညွှန်မှုအရ ဤ ဆန်းလက်ဆောင်ကျမ်းဖြင့် စမ်းသပ် ပို့ချကြည့်ရာ

စာသင်သားများ ဂိုဏ်း,ဂရု,လဟုတို့ကို လွယ်ကူစွာ သဘောပေါက်၍ လျင်မြန်စွာ ဆန်းစစ်တတ်ခြင်း၊ မေးလိုက်သော အခါ၌ အားတက်သရောဖြေကြားကြခြင်း စသော အောင်မြင်မှုများကို ကိုယ်တိုင်တွေ့ကြုံရပါသည်။

ထို့ကြောင့် ဤဆန်းလက်ဆောင်ကျမ်းသည် သုတေသီများ၊ စာသင်သားများအတွက် လမ်းညွှန်ကျမ်းဖြစ်သလို စာချ အရှင်မြတ်များအတွက် "ကွန်ချက်ပြကျမ်း" ဟုလည်း ဆိုနိုင်ပါသည်။

နိဂုံးချုပ်အားဖြင့် ဆိုရပါလျှင်–

ဤ မိတ်ဆက်စကားမျှဖြင့် ကျေနပ်မနေဘဲ စာရှုသူတို့ကိုယ်တိုင် ဆန်းလက်ဆောင်ကို လက်တွေ့ လေ့ကျင့် သင်ကြား ပို့ချပြီး သဘောကျ ကျေနပ်မှုသာ လက်ခံပါဟူ၍ ရေးသားလိုက်ရပါသတည်း။

အရှင်စန္ဒာသိရိဘိဝံသ (ပထမကျော်)
စာချနာယက
ရွာမပရိယတ္တိစာသင်တိုက်
အင်းစိန် (၂၇–၈–၉၅)

စိတ်ဆက်စကား – ၂

စာသင်ချိန်ကာလ

ဘုန်းကြီးစာမေးပွဲလောကဌ် အခြေပြုအဆင့်မှ ဓမ္မာစရိယ အဆင့်အထိ အောင်မြင်ရန် ဥာဏ်အသင့်အတင့်ရှိသူသည်ပင်(၁၀) နှစ်ခန့်ကြိုးစားသင်ကြားရပါသည်၊ လက်တွေ့အမြင်အရ ယေဘူ ယျသတ်မှတ်ပြခြင်းဖြစ်ပါသည်၊ အသင်အပြကောင်းသည့် ဆရာ သမားထံ သင်ကြားခွင့်ရသော ဥာဏ်ကောင်းသူအချို့သာ ထိုသတ် မှတ်ကာလအောက်လျော့နိုင်ပါသည်။

အထူးသဖြင့် ပထမကြီးတန်း အောင်မြင်ပြီးနောက် ဓမ္မာစရိ ယတန်းတွင် ရပ်နေသူများ၊ အချိန်ကြာနေသူများကို အများအပြား တွေ့မြင်နိုင်ပါသည်၊ လောကီစာမေးပွဲလောကဌ် (၁၀)တန်းအောင် မြင်ပြီးနောက် ဘွဲ့မရသူဟူ၍ မရှိသလောက် ရှားပါးရကား မိမိတို့ ဘုန်းကြီးစာမေးပွဲစနစ်ကို စဉ်းစားသင့်ကြပါသည်။

စာသင်ကြားနည်းပြုပြင်ရေး

ဘုန်းကြီးစာမေးပွဲလောကဌ် ဤမျှအချိန်ကြာမြင့်စွာသင်ကြား ခဲ့ရသော်လည်း အသင့်အတင့်စာကြည့်နိုင်သူ၊ စာမြင်သူမှာ တစ်ရာ လျှင် တစ်ပါးမျှသာ ပေါ်ထွက်လေ့ရှိပါသည်၊ အများစုမှာ "ပိုးသာ ကုန်၊ မောင်ပုံစောင်းမတတ်" အဖြစ်မျိုးနှင့် ကြုံနေရပါသည်၊ ဤ သို့ ဖြစ်ရသည်မှာ စာသင်ပုံနည်းစနစ် လိုအပ်ချက်ရှိနေခြင်းကြောင့်

ဖြစ်ပါသည်၊ စာမေးပွဲပြဌာန်းကျမ်းစာနှင့် မေးခွန်းထုတ် စည်းမျဉ်းအရ သင်ကြားရခြင်းဖြစ်၍ လက်ရှိစာသင်ပုံ နည်းစနစ်ကိုလည်း အပြစ်မဆိုသာပေ။

စာမေးပွဲစနစ်မထွန်းကားသေးသော ရှေးခေတ်က *"စာသင်၂-နှစ် အခြေခြစ်"*ဟူသော ဆိုစကားနှင့်အညီ စာသင်နှစ် ၂-နှစ်အပါအဝင် စာကြီးပေကြီးများကို ၅-နှစ်ခန့် သင်ကြားရပါလျှင် အတော်အသင့်စာနှံ့စပ်ကြောင်း ဆိုကြပါသည်၊ ထိုခေတ်ကစာတတ်သူများလည်း အလွန်ပေါများခဲ့ပါသည်၊ *"စာမေးပွဲကြောင့် စာမတတ်"*ဟု ဆိုသူများ ရှိသကဲ့သို့ "စာမေးပွဲကြောင့် စာသင်ဖြစ်သည်"ဟု ဆိုသူများလည်းရှိပါသည်၊ မည်သို့ပင်ဆိုစေ ပရိယတ်ဘက်စိတ်ပါဝင်စားပြီး အမျှော်အမြင်ရှိသူတိုင်းက လက်ရှိစာမေးပွဲစနစ်အရ စာသင်နေကြရသည်ကို အားမရကြပါ၊ ထိရောက်သော ပြုပြင်နည်းမျိုးဖြင့်ပြုပြင်လိုကြပါသည်၊ အမှန်အားဖြင့်လည်း ပြုပြင်သင့်ကြပါသည်၊ အချိန်တိုတိုဖြင့် အတော်အသင့် စာနှံ့စပ်စေပြီး စာတတ်ဖြစ်စေနိုင်သော သင်ကြားနည်းစနစ်မျိုး ပေါ်ပေါက်လာအောင် ဖေါ်ထုတ်ပြုပြင်သင့်ကြပါသည်။

လက်ဆောင်ကျမ်းများ

ဘာသာရပ်တစ်ခု၌ ပါရဂူမြောက် ပညာရှင်အဆင့်မျိုး တတ်ကျွမ်းတတ်ဖို့ဆိုသည်မှာ အဆိုပါဘာသာရပ်အပေါ် အထူးစိတ်ဝင်

စားလျှက် စူးစိုက်မှုရှိပြီး ကြီးမားသော ဇွဲလုံ့လဖြင့် အဖန်ဖန်လေ့လာ, သုတေသနပြု, ထိုးထွင်း ကြံဆ နေဖို့ လိုအပ်ပါသည်၊ ဆရာတော်အရှင်တိလောကာဘိဝံသသည် စာပေသင်ကြားခဲ့သည့် သက်တန်းတစ်လျှောက် စာတစ်ခုကိုသာ အထူးစိတ်ဝင်စားမှုရှိပြီး ကြီးမားသော ဇွဲလုံ့လဖြင့် လွယ်ကူသောနည်းစနစ်ကို အမြဲတီထွင် ကြံဆကာ သင်ကြားပို့ချလေ့ရှိခဲ့သည်မှာ မိမိတို့ကိုယ်တွေ့ဖြစ်ပါသည်။

"*တီထွင်ကြံဆ၊ နည်းလမ်းရ*"ဆိုသည်နှင့်အညီ ဆရာတော်သည် ကိုယ်ပိုင်လွယ်ကူသော နည်းစနစ်ကို တီထွင်ကြံဆပြီး တပည့်များအား လက်တွေ့ သင်ကြားပေးခဲ့ရာ တစ်နှစ်တစ်နှစ် သင်ကြားခဲ့ပြီး အတွေ့အကြုံပေါ် အခြေခံ၍ နောက်နောက်နှစ်များသင်ကြားသောအခါ ပြင်ဆင်ဖြည့်စွက်၊ ဖြုတ်ပယ်သင့်သည်များကို ပြင်ဆင်, ဖြည့်စွက်, ဖြုတ်ပယ်လျက် မွမ်းမံသင်ကြားပေးလေ့ရှိပါသည်၊ တပည့်များ၏လက်တွေ့အကျိုးခံစားရမှုပေါ် အခြေခံ၍ လက်ဆောင်ကျမ်းစာများ တစ်ကျမ်းပြီး၊တုတ်ကျမ်းပေါ် တွက်ခဲ့ခြင်းဖြစ်ပါသည်။

ဆန်းလက်ဆောင်

ယခုလည်း ဆရာတော်က ဆန်းဘာသာရပ်နှင့် ပတ်သက်၍ မြန်မာစာဖတ်တတ်သူအားလုံး ဆန်း၏အရသာကို အချိန်တိုတိုဖြင့်ခံစားနိုင်ရန်ရည်သန်၍ ဤဆန်းလက်ဆောင်ကျမ်းကိုစီစဉ်ထားပါကြောင်း

တစ်နေ့ ၁–နာရီခွဲ၊ ၂–နာရီ ၅–ရက်ခန့် သင်ယူရုံမျှဖြင့် ဆန်း၏ အရသာကို ခံစားနိုင်ကြောင်းကို ကိုယ်တိုင်လက်တွေ့ စမ်းသပ်ပြီး ဖြစ်ပါကြောင်း ဤ ဆန်းလက်ဆောင်ကျမ်းနိဒါန်းတွင် ရဲရဲဝံ့ဝံ့ ဆိုထားပါသည်။

တွေ့တွေ့သမျှဂါထာများကို (၁)ဆန်းစစ်နိုင်ရေး၊ (၂) အမျိုးအမည်သိရေးနှင့် (၃)ဂါထာရေးသားနိုင်ရေးသည် ဆန်းဘာသာရပ် တတ်မြောက်ကျွမ်းကျင်ရေးအတွက် အဓိကပဓာနလိုအပ်ချက် ဖြစ်သည်ဟု မိမိအနေဖြင့် ယူဆပါသည်၊ ဆရာတော်အနေဖြင့်လည်း ဤ ဦးတည်ချက် ၃–ရပ် ပေါက်မြောက်ရေးရှေးရှုပြီး ဤဆန်းလက်ဆောင်ကျမ်းကို ရေးသားထားကြောင်း ဤကျမ်းစာကပင်သက်သေပြုလျက်ရှိနေပါသည်။

မိမိပထမလတ်တန်း ဖြေဆိုအပြီး နွေရာသီကျောင်းပိတ်ချိန် တစ်နှစ်မှာ မိမိအား ဆရာသမားက ဂါထာရေးတတ်ရန် ရည်သန်ချက်ဖြင့် ဆန်းပါဠိကို လုံးဝမကိုင်ဘဲ ဂရ,လဟု ခွဲခြားမှု၊ ဂိုဏ်း ၈–ဂိုဏ်းဖွဲ့စည်းမှုမှ စ၍ ဝတ္တာမျိုး ၈–လုံးဖွဲ့ဂါထာ လက္ခဏာများကို သင်ကြားပေးပါသည်၊ ၃–ရက်မျှဖြင့် တွေ့တွေ့သမျှဝတ္တာမျိုးဂါထာများကို အလျင်အမြန်ဆန်းစစ်နိုင်၊ အမည်ပေးနိုင်သည့်အပြင် ဆရာသမားကျေနပ်မှုရလောက်အောင် အဆိုပါ ဝတ္တာမျိုးဂါထာများကို ရေးသားနိုင်ခဲ့ပါသည်၊ ဆရာတော်၏ ဆန်းလက်ဆောင်ကျမ်းကို

ကြည့်ရှုရသောယခုအခါ၌ ထိုစဉ်က မိမိသင်ကြားခဲ့ရပုံကို ပြန်လည်မြင်ယောင်နေမိပါသည်။

အဖိုးမဖြတ်နိုင်သောအမြတ်

ဤဆန်းလက်ဆောင်ကျမ်းက မိမိအတွက် အဖိုးမဖြတ်နိုင်လောက်သော အမြတ်တစ်ခုကို ပေးပါသည်၊ မိမိသည် *"ပထျာဝတ္တ နည်းအရတွင်၊ ဝိသမလေးနှောက်၊ ကင်းပျောက် ယ–၈၊ ဖ– ဂိုဏ်းကျ၊ ဝိပုလ ဟုမှတ်"* ဟူသောအဆိုအရ ၈–ကာရဝိပုလာဂါထာဟူ၍ မရှိနိုင်ဟု အခိုင်အမာစွဲယူမှတ်သားမိခဲ့ပါသည်၊ နာမည်ကြီးအသင်းစာမေးပွဲကြီးတစ်ခုတွင် ၈ကာရဝိပုလာဂါထာ ဟူ၍ ရှိနိုင်,မရှိနိုင် မေးခဲ့သည်ကိုလည်း မရှိနိုင်ကြောင်း ကျိုးကြောင်းပြ၍ ဖြေခဲ့ဖူးပါသည်၊ ထိုစဉ်က ထိုအဖြေ အမှန်ဟုလည်း သိခဲ့ရပါသည်။

ယခု ဆရာတော်၏ ဆန်းလက်ဆောင်ကျမ်း၌ ပထမ ၈–ကာရဝိပုလာရှိကြောင်းကို ခန္ဓီ စ သောဝစဿတာ– စသော မဂ်လသုတ်ဂါထာဖြင့်လည်းကောင်း။ တတိယ ၈–ကာရဝိပုလာ ဂါထာရှိကြောင်းကို အစ္ဆန္ဒကန္ဒလာဝဏ္ဏ စသော အလက်ာ(၂၃) ဂါထာဖြင့်လည်းကောင်း ဖော်ပြထားပါသည်၊ ခိုင်လုံသော ကျမ်းဂန်လာဂါထာများဖြင့် ပုံစံပြုပြုဆိုထားသဖြင့် ၈–ကာရဝိပုလာဂါထာရှိကြောင်းကို မည်သူမျှ မငြင်းဆန်နိုင်ပါ၊ မိမိ အမှတ်မှား အသိမှားကိုပယ်ဖျက်လျက် အမှန်ရောက်အောင် ပို့ဆောင်ပေးသဖြင့် –

ဤဆန်းလက်ဆောင်ကျမ်းက မိမိအတွက် အဖိုးမဖြတ်နိုင်လောက်သော အမြတ်တစ်ခုကို ပေးသည်ဟု ဆိုရခြင်းဖြစ်ပါသည်၊ ဤအချက်က ဆရာတော်၏ စာပေနှံ့စပ်သေချာမှုရှိပုံကိုဖော်ညွှန်းလျက်ရှိနေပါသည်။

ဤ ဆန်းလက်ဆောင်ကျမ်းသည်လည်း ကိုယ်တိုင်လက်တွေ့, စမ်းသပ်ပို့ချပြီး တပည့်များ၏ လက်တွေ့, အကျိုးခံစားရမှုအပေါ် အခြေခံ၍ အောင်မြင်မှုရလဒ်အဖြစ် ပေါ်ထွက်လာသော ကျမ်းဖြစ်ရကား ဆရာတော် မိန့်ဆိုထားသည့်အတိုင်း မြန်မာစာ ဖတ်တတ်သူအားလုံး တစ်နေ့ (၁)နာရီခွဲ (၂)နာရီ (၅)ရက်ခန့် သင်ယူရုံမျှဖြင့် ဆန်း၏အရသာကို အမှန်ပင် ခံစားနိုင်လိမ့်မည်ဟု အကြွင်းမရှိ ယုံကြည်မိပါကြောင်း ကျမ်းဦးမိတ်ဆက်စကား ဆိုလိုက်ရပါသတည်း။

တပည့်– စံသင်းလှိုင်
(ပထမကျော်–ဦးစံသင်းလှိုင်)
၃ – ၈ – ၉၅

ကျေးဇူးစကား

ဤ ဆန်းလက်ဆောင်ကျမ်း စီစဉ်ရာ၌–

၁။ အကြံဉာဏ် အပြင်အဆင် စသော အကူအညီများ ပေးကြသော ဦးဝမ္မသာမိ, ဦးဝိသုဒ္ဓ, ဦးဉာဏိန္ဒ, ဦးအဂ္ဂဝမ္မ, ဦးနန္ဒာစရိယ စသောစာချဘုန်းကြီးများအား လည်းကောင်း။

၂။ မိတ်ဆက်စကား ရေးသားပေးသော ဦးစံသင်းလှိုင်(သ-စ-သု-အ-ပထမကျော်)နှင့် အကြံဉာဏ် အပြင်အဆင် နှင့် စာရိုက်ပေးခြင်း မိတ်ဆက်စာရေးပေးခြင်း စသည်. အကူအညီများ ပေးသော ဦးစန္ဒာသိရီဘိဝံသ (ပထမကျော်) အားလည်းကောင်း။

၃။ စာရွက်ဖိုးငွေ ၆၀၀ဝ– ကျပ် လှူဒါန်းကြသော ဒဂုမြို့.သစ်ဆောက်လုပ်ရေး မိသားစုမှ အငယ်တန်းအင်ဂျင်နီယာများ ဖြစ်ကြသည့် ဦးစံလှိုင်, ဦးကိုကိုခိုင်, ဦးအောင်ကြိုင်, ဦးကျော်ဝင်း, ဦးကျော်မြတ်ထွန်(ပစ္စည်းထိန်း)တို့အားလည်းကောင်း။

၄။ အကြံဉာဏ် အပြင်အဆင် နှင့်တကွ ကွန်ပျူတာ စာရိုက်ပေးသော အငယ်(ခ) မသူဇာအားလည်းကောင်း။

၅။ စာအုပ်ဖြစ်မြောက်အောင် လိုအပ်သည်များကို အကူအညီပေးသော ဦးကုသလ (ရွှေဘို) ဦးဝိသုဒ္ဓ (တွံတေး) ဦးကျော်သိန်း (ခ)ရွှေညာ–မောင်ယဉ်စိုး တို့အားလည်းကောင်း။

၆။ ဤ သင်နည်းစနစ် စ,တင်ပေါ်ပေါက်လာအောင် တောင်းပန် တိုက်တွန်းခြင်း, သင်ယူခြင်းဖြင့် ပါရမီဖြည့်ခဲ့သော ကိုညီမွေး (အင်းစိန်မြို့.သစ်) အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

ကျမ်းပြုဆရာတော်

မာတိကာ

ဆန်းလက်ဆောင် နိဒါန်း

ဆန်းကျမ်းသည် ကဝိစာဆိုဖြစ်ကြောင်း အင်္ဂါတစ်ရပ် အဖြစ် သတ်မှတ်ထားခြင်းခံရသော ကျမ်းဂန်တစ်ခုဖြစ်သည်၊ ခက်ခဲသောကျမ်း ဟုလည်း အသိအမှတ်ပြုခံရသည်။

ထို့ကြောင့်–

"ကျမ်းကြီးပဌာန်း၊ ကျမ်းငယ် ဆန်း၊
ကျမ်းလတ် ဓာတုကထာ"

ဟု မြန်မာ့သမိုင်း၌ ဥဒါန်းတွင်ခဲ့သည်၊ ဆန်းပညာ မတတ်ကျွမ်းလျှင် ပါဠိ, ကဗျာ, ဂါထာတို့၏ အရသာကို ပြည့်ဝစွာ မခံစားနိုင်။

မြန်မာနိုင်ငံ၌ ဝုတ္တောဒယဆန်းကျမ်း ရှိနေသော်လည်း–

* ပါဠိဘာသာဖြင့် ရှိနေခြင်း၊
* ကျစ်လစ်သိပ်သည်းခြင်း၊
* နက်နဲ ခက်ခဲခြင်း၊
* ရှေးဟောင်းစနစ်ဖြစ်ခြင်း–

စသော အကြောင်းတို့ကြောင့် ပါဠိပညာရှင် တစ်ချို့.တစ်လေသာ ဆန်း၏အရသာကို ခံစားနိုင်ကြသည်။

ဆိုခဲ့ပြီးသော အကြောင်းတို့ကြောင့် ဆန်းပညာကိုတစ်လမက လ,ပေါင်းများစွာ အချိန်ကြာအောင် သင်ယူကြရသည်၊ များစွာသော စာသင်သားတို့သည် အချိန်ကြာမြင့်စွာ ဆန်းပညာကိုလေ့လာ ဆည်းပူးနေကြသော်လည်း ဆန်း၏အရသာကို ပြည့်ဝစွာ မခံစားနိုင်ကြပေ၊ ဆန်း၏အရသာကို ခံစားနိုင်သူမှာ အနည်းအကျဉ်းမျှသာ ဖြစ်ပါသည်။

မြန်မာစာ ဖတ်တတ်သူအားလုံး ဆန်း၏အရသာကို အချိန်တိုတိုဖြင့် ခံစားနိုင်ရန်ရည်သန်၍ ဤဆန်းလက်ဆောင်ကျမ်းကို စီစဉ်ထားပါသည်။

ဤဆန်းလက်ဆောင်ကျမ်းသည် ပြည့်စုံခန့်ညားမှုထက် လျင်မြန်လွယ်ကူစွာ ဆန်းအရသာခံစားနိုင်ရေးကို ဦးစားပေးထားပါသည်၊ မူလတန်းကလေး ဖြစ်စေကာမူ ဆန်းဘာသာ နားလည်နိုင်သောစနစ် ဖြစ်ပါသည်၊ ပါဠိစာပေ နားလည်သူဖြစ်စေ, နားမလည်သူဖြစ်စေ မြန်မာစာ ရေးတတ် ဖတ်တတ်၍ ဉာဏ်အသင့်အတင့်ရှိသူဖြစ်လျှင်–

တစ်နေ့ (၁)နာရီခွဲ, (၂)နာရီ ၅–ရက်ခန့် သင်ယူရုံမျှဖြင့် ဆန်း၏အရသာ ခံစားနိုင်ကြောင်းကို ကိုယ်တိုင်လက်တွေ့ စမ်းသပ်ပြီး ဖြစ်ပါသည်။

မှန်ပါသည်--

၁။ ဂရု,လဟု ခွဲခြားနိုင်မှုနှင့် ဂိုဏ်း ၈-ဂိုဏ်းဖွဲ့တတ်မှုကို ၁-ရက်,

၂။ ၈-လုံးဖွဲ့ ဂါထာများကို ၁-ရက်,

၃။ ဝဏ္ဏဝုတ္တိ ဂါထာများကို ၁-ရက်,

၄။ မတ္တာဝုတ္တိ ဂါထာများကို ၁-ရက်,

၅။ ဆပစ္စယနည်းကို ၁-ရက် ဤ ၅-ရက်ခန့်ဖြင့် ဆန်းကိစ္စ ပြီးမြောက်နိုင်ပါသည်။

စာရေးသူထံတွင် ဤစနစ်ဖြင့်ဆန်း၏အရသာကို လျင်မြန်လွယ်ကူစွာ ခံစားဖူးသော ရာပေါင်းများစွာသော စာသင်သားများနည်းတူ အခြားသူများလည်း ဆန်း၏အရသာ ခံစားနိုင်ရန် ဤ ကျမ်းစာဖြင့် လက်ဆောင်ပါးအပ်ပါသတည်း။

နယုန်လပြည့်ကျော် ၂-ရက် အရှင်တိလောကာဘိဝံသ
၁၃၅၇-ခု (၁၄-၆-၉၅) ရွာမပရိယတ္တိစာသင်တိုက်

ပဏာမ

ဗုဒ္ဓံ ဓမ္မံ သံဃံ နတ္တာ၊ သမ္မာ ဥတုံ ဆနှောဘာသံ။
ခိပ္ပံ ပဗ္ဗာဟံ သိက္ခာတုံ၊ ဘာသိဿံ ဆနှောပါထေယျံ။

(ဝိဇ္ဇမ္မာလာ ဂါထာ)

သုံးပါးမွန်စွာ ဦးညွတ်ပြီး၍၊
ဆန်းဘာသာ ကောင်းစွာ နားလည်ရန်။
ငါးရက်လောက် လျင်စွာ သင်ယူဖို့၊
ဆန်းလက်ဆောင်ကျမ်း ရေးသားပေအုံ့။

* *မ–ဂိုဏ်း နှစ်စုံ၊ နှစ် ဂရုံ၊ ဝိဇ္ဇမ္မာလာမှတ်။*
* *သံလေး အားလုံး၊ ရေးစီကုံး၊ ခေါ်ထုံး လျှပ်ပန်းနွယ်။*

အဆင့် သုံးဆင့်

ဆန်းဘာသာ တတ်မြောက်ဖို့ရန်---

၁။ ဂရုလဟု သတ်မှတ်ချက်၊

၂။ ဂိုဏ်းဖွဲ့စည်းပုံ သတ်မှတ်ချက်၊

၃။ ဂါထာလက္ခဏာနှင့် ဂါထာစစ်ဆေးမှု၊

ဤ အချက်သုံးချက်ကို အစဉ်အတိုင်း ဖြတ်ကျော် ရပါမည်၊ အဆိုပါ အဆင့်သုံးဆင့်တွင် ပထမဆင့်နှင့် ဒုတိယဆင့်ကို လျှော့တွက်ပြီး ပေါ့ဆဆ လုပ်၍မရပါ။ နားလည်မှု ရှိ/မရှိ လက်တွေ့. တစ်ဦးချင်း စစ်ဆေးပါ။ လေ့ကျင့်ခိုင်းပါ။ ဤ နှစ်ဆင့် နားမလည်လျှင် နောက်အဆင့် များ အခက်အခဲ တွေ့ရမည် ဖြစ်ပါသည်။

ပထမခေါင်

ပုဒ်, ပါဠိ, အက္ခရာများကို ဂရု, လဟု ခွဲခြားနိုင်ရန် အောက်ပါဂရုများကို နားလည်ထားရမည်။

၁။ နိဂ္ဂဟိတ်နှောင်းသော ဂရု၊
(အံ,ဣံ,ဥံ,ကံ,ကီ,ကုံ–စသည်)

၂။ သံယုဂ်နှောင်းသော ဂရု၊
(အတ္တ,စိတ္တ,ဗုဒ္ဓ–စသည်)

၃။ ဒီဃ ဂရု၊
(အာ,ဤ,ဦ,ဧ,ဩ,ကာ,ကီ,ကူ,ကေ,ကော–စသည်)

၄။ ပါဒန္တ ဂရု၊
(ပါဒဆုံးသော အက္ခရာကို ဂရုမဟုတ်စေကာမူ–
ဂရုအဖြစ် သုံးလိုက သုံးနိုင်သည်။)

* *နိဂ္ဂဟိတ်နှောင်း၊ သံယုဂ်နှောင်းနှင့်၊ တစ်ကြောင်း ဒီဃ၊ ပါဒန္တ ပါ၊ ချိုနေရာ၊ လေးဖြာဂရု ကျန်လဟု။*

ဤ ဂရု ၄–မျိုးတို့တွင် ပါဒန္တ ဂရုကို အချို့နေရာ၌သာ ရသည်၊ ထို့ကြောင့် ဂရု,လဟု စစ်ဆေးရာ၌ ရှေ. ၃–မျိုးကိုသာ သတိပြု ဖို့လိုအပ်သည်၊ ဤ ဂရုများမှ တစ်ပါး အခြားအက္ခရာများသည် လဟု ဖြစ်သည်။

ဂရု, လဟု လေ့ကျင့်ပုံ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

နော–သည် လဟု၊ မော–သည် ဒီဃဂရု၊ တသ်–သည် သံယုဂ်နှောင်းသော ဂရု၊ သ–သည် လဟု၊ ဘ–သည် လဟု၊ ဂ–သည် လဟု၊ ဝ–သည်လဟု၊ တော–သည် ဒီဃ ဂရု၊ အ–သည် လဟု၊ ရ–သည် လဟု၊ ဟ–သည် လဟု၊ တော–သည်ဒီဃ ဂရု၊ သမ်–သည် သံယုဂ်နှောင်းသော ဂရု၊ မာ–သည် ဒီဃ ဂရု၊ သမ်–သည် သံယုဂ်နှောင်းသော ဂရု၊ ဗုဒ်–သည် သံယုဂ် နှောင်းသော ဂရု၊ ဓသ်–သည် သံယုဂ်နှောင်းသော ဂရု၊ သ–သည် လဟု။

ဇဝံ မေ သုတံ၊

ဇ– သည် ဒီဃ ဂရု၊ ဝံ– သည် နိဂ္ဂဟိတ်နှောင်းသော ဂရု၊ မေ–သည်ဒီဃဂရု၊ သု–သည် လဟု၊ တံ–သည် နိဂ္ဂဟိတ်နှောင်းသော ဂရု။

ဤသို့ စသည်ဖြင့် လူတိုင်း နှုတ်တက် ရနေသော ပါဠိများကို စစ်ဆေး ခိုင်းပါလေ။

အချို့အကွာရာများသည် လုံးဆင့်/သံယုတ်နှောင်းသော်လည်း ဂရုသံထွက်အောင်မဆိုခြင်းကြောင့် ဂရုမဟုတ်ဟု ထင်တတ်ကြသည်၊ ဥပမာ– ပုစ္ဆဝေါ, လောဘမူလာနိ စ ဒ္ဒိဓာ, မောဟမူလာနိ စ ဒ္ဒေတိ,

ပုညပါကကြိယာဘေဒါ, ပုန ဒ္ဓါသဓာ– စသည်တို့၌ ဝေါ, ဒ္ဓိ, ဒ္ဒေ, ကြိ, ဒ္ဓါ–သံယုတ်တို့၏ ရှေ့အကွာရာများကို ဂရု–မဟုတ်ဟု ထင်နေတတ်ကြသည်။

ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဧတဝနေ အနာထပိဏ္ဍိကဿ အာရာမေ၊ အထ ခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဧတဝနံ သြဘာသေတွာ– စသည်တို့ကို ဂရု, လဟု စစ်ဆေးကြည့်ပါ။

မြန်မာစကားလုံးများ၌ လဟုနည်းပြီး ဂရု များများတွေ့ရသည်။

စံ– နိဂ္ဂဟိတ်နှောင်းသော ဂရု၊

သိန်း– သံယုဂ်နှောင်းသော ဂရု၊

မောင်– သံယုဂ်နှောင်းသော ဂရု၊

လှ– လဟု၊

ယုံ – နိဂ္ဂဟိတ် နှောင်းသော ဂရု၊

ကြည်– သံယုဂ်နှောင်းသော ဂရု၊

စွာ– ဒီဃ ဂရု၊

ဒုတိယဆင့်

ဆန်းသည်–

၁။ မတြာ အရေအတွက်ပေါ် မူတည်၍ တည်ဆောက်သော မတြာဆန်း၊

၂။ အက္ခရာလုံးရေပေါ် မူတည်၍ တည်ဆောက်သော ဝဏ္ဏဆန်းဟု နှစ်မျိုးပြားသည်။

မတြာဆန်း၌ ၄–မတြာကို တစ်ဂိုဏ်းဖွဲ့သည်၊ ဝဏ္ဏဆန်း၌ အက္ခရာ ၃–လုံးကို တစ်ဂိုဏ်းဖွဲ့.သည်၊ ၃–လုံးထက်ပိုရာ၌ ၄–လုံးဖြစ်လျှင် အဆုံးလုံးကို ပယ်ရမည်၊ ၅–လုံးဖြစ်လျှင် အစလုံး, အဆုံးလုံးကို ပယ်ရမည်၊ ၆–လုံးဖြစ်လျှင် ၂–ဂိုဏ်း ဖွဲ့.ရမည်၊ ၃–လုံးမပြည့်လျှင် အဆုံးလုံးနှင့်တူသော အက္ခရာများကို ထပ်ဖြည့်ပေးရမည်။

* *မတြာဆန်း၊ ဝဏ္ဏဆန်း၊ နှစ်ခန်း ပိုင်းခြား၊ ဆန်း အပြား။*
* *သုံးအက္ခရာ၊ တစ်ဂိုဏ်းလာ၊ မှတ်ပါ၀ဏ္ဏဆန်း။*

သကေ်တ

ခေါ်ဝေါ်သုံးနှုန်းရာ၌ လွယ်ကူစေရန် ဂရှကို ဂ–အက္ခရာဖြင့်လည်းကောင်း, ၂–ဂဏန်းဖြင့်လည်းကောင်း သကေ်တပြုမည်၊ လဟုကို လ–အက္ခရာဖြင့်လည်းကောင်း, ၁–ဂဏန်းဖြင့်လည်းကောင်းသကေ်တ ပြုမည်။

မူရင်းအမည်		သကေ်တ
ဂရှ	=	ဂ / ၂
လဟု	=	လ / ၁

အက္ခရာ ၃–လုံးကို ဂိုဏ်းဖွဲ့.ရန်အတွက် ဂရှ,လဟု ,မှတ်သားရာ၌ ဂရှ အားလုံး, လဟု အားလုံး အတူမဟုတ်လျှင် စ,လယ်,အဆုံး တစ်လုံးသာ ထူးမည်ဟု သတိပြုရမည်၊ ယင်းထူးခြားသည့် အချက် တစ်ချက်ကိုသာ မှတ်၍ပြမည်။

ဂိုဏ်း ၈–ဂိုဏ်း

စဉ်	ဂိုဏ်းအမည်	သကေတ	ဆောင်ပုဒ်	ပြယုဂ်ပုံစံများ
၁	မ	၂၂၂	မတ် ဘုံ ဇေ	ဣန္ဒေါဘာသ၊ ခေမာဝ်သ၊ ဝိဇ္ဇေသီ။
၂	နှ	၁၁၁	နှ သီ ဘ	အရိယ၊ ကုသလ၊ ဇနက၊ ဝိမလ။
၃	ဘ	၂၁၁	ဘူ လ မိ	ဥတ္တမ၊ ကုဏ္ဍလ၊ဥာဏိက၊ ဝါသဝ။
၄	ယ	၁၂၂	ယ တီ သတ်	ဝိစာရီ၊ သုမေဓာ၊ သုစိန္တီ၊ သုနန္ဒာ။
၅	ဇ	၁၂၁	ဇ နေ ပု	အရိန္ဒမ၊ ကဝိန္ဒ၊ ဇနိန္ဒ၊ ဝိသုဒ္ဓ။
၆	သ	၁၁၂	သု လိ သ္ဓာ	ဂရုဝ်သ၊ ကုလစန္ဒီ၊ ဇယသေန။
၇	ရ	၂၁၂	ရှ မိ ကြတ်	ဣန္ဒဝ်သ၊ ဂန္ဓမာ၊ စန္ဒီမာ၊ဝ်သပါလ။
၈	တ	၂၂၁	တတ် အာ သ	ဩဘာသ၊ ကောသလ္ဍ၊ ဥာဏိန္ဒ။

** လုံးစုံ ဂ,လ၊ မ,နှင့် နှ၊ အစ ဂ,လ၊ ဘ,နှင့်ယာ။*

** လယ်,ဆုံး ဂ,နေ၊ ဇ,သ,ပေ၊ လ,နေ ရ,တ စဉ်တိုင်းပြ။*

ဖော်ပြပါ သကေတ ဂဏန်းများကိုကြည့်လျှင် ဂရ အားလုံး, လဟု အားလုံး နေသော မ–ဂိုဏ်း, နှ–ဂိုဏ်းမှ အခြားဂိုဏ်းများသည် အကွာရာ ၃–လုံးအနက် ၁–လုံးသာ ထူးခြားမည်၊ ကျန် ၂–လုံးက တူမည်၊ ထူးသော ၁–လုံးသည် အစ သော်လည်းကောင်း, အလယ် သော်လည်းကောင်း, အဆုံး သော်လည်းကောင်း ဖြစ်မည်၊ နံပါတ် ၃, ၄–ဘ, ယ–ဂိုဏ်းတို့သည် အစ လုံးထူးသည်၊ နံပါတ် ၅, ၇–ဇ, ရ–ဂိုဏ်းတို့သည် အလယ်လုံးထူးသည်၊ နံပါတ် ၆, ၈– သ, တ– ဂိုဏ်းတို့သည် အဆုံးလုံးထူးသည်။

ဤဒုတိယဆင့်၌ လျင်မြန်စွာ ဂိုဏ်းအမည်ပေးတတ်စေရန် ရဟန်း, သာမဏေ, သီလရှင်, လူ အမည်များကို အောက်ပါအတိုင်းလက်တွေ့ ရွေးခိုင်းပါလေ။

ပညာဝံသ	တေဇောဘာသ	ပရမ	ပဝရ	ခေမိက
၂ ၂ ၂	၂ ၂ ၂	၁ ၁ ၁	၁ ၁ ၁	၂ ၁ ၁
မ	မ	နံ	နံ	ဘ
ရေဝတ	သုတေသီ	သုမေဓ	ဝိဝေက	ဝိစိတ္တ
၂ ၁ ၁	၁ ၂ ၂	၁ ၂ ၂	၁ ၂ ၁	၁ ၂ ၁
ဘ	ယ	ယ	ဇ	ဇ
ယုဝတီ	ဝရသာမိ	စေတနာ	ဝေဒနာ	အာစာရ
၁ ၁ ၂	၁ ၁ ၂	၂ ၁ ၂	၂ ၁ ၂	၂ ၂ ၁
သ	သ	ရ	ရ	တ
ခေမိန္ဒ.	ဇာနေယျ			
၂ ၂ ၁	၂ ၂ ၁			
တ	တ			

စာတီယဆင့်

ဝတ္တမျိုး

ဝတ္တဂါထာလက္ခဏာ

ပါဒတိုင်း-

၁။ အက္ခရာ ၈-လုံးစီ ရှိရခြင်း၊ *(ယေဘုယျလက္ခဏာ)*

၂။ အစ ၁-လုံးနောင် သ-ဂိုဏ်း, နှ-ဂိုဏ်း မရှိရခြင်း၊

(ယေဘုယျလက္ခဏာ)

၃။ အစ ၄-လုံးနောင် ယ-ဂိုဏ်း ရှိရခြင်း။

* *ရှစ်လုံးပါ၁၊ ပြုပြီးမှလျှင်၊ စ,တစ်လုံးနောင်၊ သ,နှ ရှောင်၊ လေးနောင် ယ-ဂိုဏ်း ဝတ္တတိုင်း။*

(အောက်ဖော်ပြပါ ဂါထာများကို မိမိကိုယ်တိုင် လက်တွေ့,စစ်ဆေးကြည့်ပါလေ။)

ဝတ္တဂါထာ

ကိဠာပိ မြမှုရဒ္ဓေ စ၊ ပေါရာဏေဟိ ကတာနေကာ။
ဆန္ဒာယတ္တာ ဗဟူ ဂန္ထာ၊ သဗ္ဗေသာနံ နှ သာဓေန္တိ။

(လက်ဆောင်)

အလားတူပုံစံ

ဗုဒ္ဓေါတိ ကိတ္တယန္တိ သ၊ ကာယေ ဘဝတိ ယာ ပီတိ။
ဝရမေဝ ဟိ သာ ပီတိ၊ ကသိဏေန ပိ ဇမ္ဘုဒီပသ။
(ဒီ-၄-၅-၅)

မှတ်ချက်။ ။ဤဂါထာ စတုတ္ထပါဒ၌ ကသိဏော ဟူသော ၃-လုံးကို တစ်လုံးတည်းပြု၍ ဆန်းစစ်ရမည်။

အမှာ

ဂါထာ တစ်ခုလျှင် ၄-ပါဒရှိသည်တွင်--

၁။ ပထမနှင့် တတိယ ပါဒကို ဝိသမ,

၂။ ဒုတိယနှင့် စတုတ္ထပါဒကို သမ ဟု မှတ်သားထားရမည်။

ဝတ္တာဂါထာလက္ခဏာကို အခြေခံထား ခြင်းကြောင့် ၅စ်လုံးဖွဲ့.ဂါထာများကို ဝတ္တာမျိုးဟုခေါ်သည်။

နောက်ပြမည့် ဝတ္တာမျိုး ဂါထာများ၌ ဝတ္တာနှင့် တူသော လက္ခဏာကို မပြဘဲ ထူးသော လက္ခဏာကိုသာ ပြမည်၊ ၄င်းအပြင် အစ ၄-လုံးနောင် ဖြစ်သင့်သော လက္ခဏာကိုသာ ပြမည်။

* *ပ,တ,ပါဒ၊ ဝိသမ၊ ဒု,စ,သမ မှတ်။*
* *ဝတ္ထုပေါ်မှာ၊ ထူးကိုသာ၊ မိန်းမှာသွားမည်မှတ်။*
* *နောက်ဆိုစကား။ လေးနောက်ပါ။ မှတ်သားထား ရမည်။*

ပထျာဝတ္ထု

၁။ ဝိသမပါဒ အစ ၄–လုံးနောင် ယ–ဂိုဏ်းရှိခြင်း၊
၂။ သမပါဒ အစ ၄–လုံးနောင် ဇ–ဂိုဏ်းရှိခြင်း။
* *ဝိသမ,ယ၊ သမ,ဇ၊ မှတ်ကြ ပထျာ။*

နမူနာပုံစံ

အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာ စ ပူဇနီယာနံ၊ ဧတံ မင်္ဂလမုတ္တမံ (*မင်္ဂလသုတ်*)

တည်းဟူသော ရူပကံ ဥယျ၊ တူသောတိ သဒ္ဒိသံ မတံ။
ကဲ့သို့တိ ဥပမာ ဥယျာ၊ သမုပေက္ခာတိ ပြိုင် မတာ။

(ဂ္ဂ)

ဝိပုလာဂါထာများ

* *ပ,တ,ပါဒ၊ ဝင်သမျှပင်၊ အမည်တွင်၊ ဇ–လျှင်သမ, ဝိပုလ။*

ပထျာဝတ္တ လက္ခဏာကို အခြေခံ၍ ပထမနှင့် တတိယပါဒ တို့၌ ဝင်ရောက်သော ဂိုဏ်းကိုစွဲ၍ အမည်ပေးရမည်၊ ပထမနှင့် တတိယပါဒ အစ ၄–လုံးနောင် ယ– ဂိုဏ်းမှကြွင်းသော မ,နဘ,ဇ,သ,ရ,တ (၇) ဂိုဏ်းတို့တွင် တစ်ဂိုဏ်း ဂိုဏ်း ဝင်သည်ကို အစွဲပြု၍– မ–ကာရဝိပုလာ, နကာရဝိပုလာ, ဘ–ကာရဝိပုလာ, ဇ–ကာရဝိပုလာ, သ–ကာရဝိပုလာ, ရ–ကာရဝိပုလာ, တ–ကာရဝိပုလာဟု အမည်ပေးလေ။

သမ, ဖြစ်သော ဒုတိယ, စတုတ္ထပါဒ အစ ၄– လုံးနောက်၌ကား ဇ–ဂိုဏ်းရှိရမည်၊ ပထမ၌ မ–ဂိုဏ်း ဝင်လျှင် ပထမ မ–ကာရဝိပုလာ၊ တတိယ၌ မ–ဂိုဏ်းဝင်လျှင် တတိယ မ–ကာရဝိပုလာဟု အမည်ပေးရမည်၊ နစသော ဂိုဏ်းဝင်ရာ၌ လည်း ဤနည်းအတူ မှတ်ရမည်၊ မ,နဘ စသော ၇–ဂိုဏ်းသည် ပထမ သို့မဟုတ် တတိယ တစ်ခုခု၌ ဝင်၏။ ယင်း ၇–ဂိုဏ်း မဝင်လျှင် ယ–ဂိုဏ်း ရှိနေတတ်သည်၊ ယ–ဂိုဏ်းကား မူရင်းဖြစ်၍ ယ–ဂိုဏ်းအတွက် အမည်ပေးစရာမလို။

မ–ကာရဝိပုလာ

(က) ပထမ မ–ကာရဝိပုလာ

ပဋ္ဌပါဒါနက္ခန္ဓာတိ၊ တထာ တေဘူမကာ မတာ။
ဘေဒါဘာဝေန နိဗ္ဗာန်၊ ခန္ဓသင်္ဂဟနိဿင့်။ *(သင်္ဂ)*

(ခ) တတိယ မ–ကာရဝိပုလာ

ဘိယ္ယော ပယောဂမာဂမ္မ၊ သောဂတော အာဂမေ ကွစိ။
နိဂ္ဂုယ္ဟတ္တိဘ္ဘာနိယ၊ နာမလိင်္ဂ ကထိယတိ။ *(ဓာန်–၂)*

(ဂ) မ–ကာရဝိပုလာ

အာသာရော ဓာရာသမ္ပာတော၊ ကရကာ တု ဃနောပလ်။
ဒုဒ္ဒိနံ မေဃစ္ဆန္နာဟော၊ ပိဓာနံ တွ ပဓာရကာ။ *(ဓာန်–၅၀)*

နှ–ကာရဝိပုလာ

(က) ပထမ နှ–ကာရဝိပုလာ

သမ္ဘာသမ္ဘုဒ္ဓမတုလ်၊ သသဒ္ဒမ္ဘဂဏုတ္တမ်။
အဘိဝါဒိယ ဘာသိဿ်၊ အဘိဓမ္မတ္ထသင်္ဂဟ်။ *(သင်္ဂ)*

(ခ) တတိယ နေ–ကာရဝိပုလာ

နမတ္ထု ဇနသန္တာန၊ တမသန္တာနဘေဒိနော။
ဝမ္မုဇ္ဇလန္တရုစိနော၊ မုနိန္ဒောဒါတရောစိနော။ (ဆန်း)

(ဂ) နေ–ကာရဝိပုလာ

လောကနာထောနမိဝရော၊ မဟေသီ စ ဝိနာယကော။
သမန္တစက္ခု သုဂတော၊ ဘူရိပညော စ မာရဇိ။ (ဓာန်–၂)

ဘ–ကာရဝိပုလာ

(က) ပထမ ဘ–ကာရဝိပုလာ

ဣတိ စိတ္တံ စေတသိကံ၊ ရူပံ နိဗ္ဗာနမိစ္စပိ။
ပရမတ္ထံ ပကာသေန္တိ၊ စတုဓာဝ တထာဂတာ။ (သဂီဟ)

(ခ) တတိယ ဘ–ကာရဝိပုလာ

ဝေဒနာဉာဏသခ်ါရ၊ ဘောဒေန စတုဝိသတိ။
သဟေတုကာမာဝစရ၊ ပုညပါကကြိယာ မတာ။(သဂီဟ)

(ဂ) ဘ–ကာရဝိပုလာ

ပရတ္ထသမ္ဘာဒနတော၊ ပုညေနာဓိဂတေနဟံ။
ပရတ္ထသမ္ဘာဒနကော၊ ဘဝေယျံ ဇာတိဇာတိယံ။ (ဆန်း)

၉–ကာရဝိပုလာ

(က) ပထမ ၉–ကာရဝိပုလာ

ခန္ဓီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလမုတ္တမံ။ *(မင်္ဂလသုတ်)*

(ခ) တတိယ ၉–ကာရဝိပုလာ

အစ္ဆေ ဇနေ ကတ္တလာဝဏ္ဏေ။ စန္ဒာတပမနောဟရော။
ဇိနာနနိနိဒ္ဒါ ကုဏ္ဍဒ္ဒါ စ၊ ကဿ နာနဒ္ဒကော ဘဝေ။

(အလက်ာ–၂၃၁)

(ဂ) ၉–ကာရဝိပုလာ

နတ္ထာဘိဓမ္မဒေသကံ၊ အတ္ထာယ ယုဝသောတုနံ။
ယမကဿ သရူပကံ၊ ကရိဿာမိ ယထာဗလံ။

(ယမကလက်ဆောင်)

သမုဒ္ဒတေ နတေ သတာ၊ ကတံ နတေ နတေ သိယုံ။
ယတော နတေ နတေ ပိတော၊ သိယုံ နတေ နတေ သုဘာ။

(အလက်ာဋ္ဌိကာ–၅၈)

သ–ကာရပိပုလာ

(က) ပထမ သ–ကာရဝိပုလာ

အသေက္ခာနံ စတုစတ္တာ–လီသ သေက္ခာနမုဒ္ဒိသေ။
ဆပညာသာဝသေသာနံ၊ စတုပ္ပညာသ သမ္ဘဝါ။ *(သင်္ဂဟ)*

(ခ) တတိယ သ–ကာရဝိပုလာ

အဌသင်္ခ် တထာ ဒွေ စ၊ နဝါ၌ဒွေ ယထာဣမ်။
ဧကဒ္ဓိတိစတုပဏ္ဍ၊ ကိစ္စဌာနာနိ နိဒ္ဒိသေ။ *(သင်္ဂီဟ)*

(ဂ) သ–ကာရဝိပုလာ

ပလ္လင်် အနိမိသ် စ၊ စင်ီမ ရတနံ ဃရံ။
အဇပါလ် မုစလိန္ဒ်၊ ရာဇာယတန သတ္တမ်။ *(ဆန်းလက်ဆောင်)*
ကတ္တာတိ ဝုစ္စတိ သည် ကား၊ ကမ္မံ ကို သို့ ဒွယ် မတ်။
ကရဏံ ဖြင့် ဣတိ ဥပယျ၊ အား ဌာတိ သမ္ပဒါန် မတ်။ *(ရှေး)*

ရ–ကာရဝိပုလာ

(က) ပထမ ရ–ကာရဝိပုလာ

တို့.ကုန် မပါ ဧကဝုစ်တိ၊ တို့ ကုန် တိ ဗဟုဝုစ် မတ်။
မြန်မာဘာသာ အယ် ဂါထာ၊ ပဏ္ဍိတေဟိ သုလက္ခိတာ။
(ရှေး)

ဝါကျတ္ထတော ဒုပ္ပတိတိ၊ ကရံ ဂါမ်ံ မတ် ယထာ။
ပေါသော ဝိရိယဝါ သောယ်၊ ပရံ ဟန္ဒာ နဝိသမီ။
(အလက်ာ–ဖ၅)

(ခ) တတိယ ရ–ကာရဝိပုလာ

သုခံ ဒုက္ခမုပေက္ခာတိ၊ တိဝိဓာ တတ္ထ ဝေဒနာ။
သောမနဿံ ဒေါမနဿ၊ မိတိဘေဒေန ပဋ္ဌာ။ (သင်္ဂဟ)

(ဂ) ရ–ကာရဝိပုလာ

ရောဝတော ပုဏ္ဏရီကော၊ ဝါမနော ကုမုဒေါ ဣနော။
ပုပ္ပဒန္ဓော သမ္ဘဘုမ္ဘော၊ သုပ္ပတိကော ဒိသာ ဂဏ။

(ဓာန်–၃၀)

တ–ကာရဝိပုလာ

(က) ပထမ တ–ကာရဝိပုလာ

ပုနပ္ပုနမုစ္ဆာရဏံ၊ ယမတ္ထသ ပဒသ စ။
ဥဘယေသဋ္ဌ ဝိညေယ္ယာ၊ သာယမာဝုတ္တိ နာမတော။

(အလင်္ကာ–၂၂၄)

(ခ) တတိယ တ–ကာရဝိပုလာ

ဝါယုဘေဒါ ဣမေ ဆုဒ္ဓ– ဂီမော စာဘေဂမော တထာ။
ကုစ္ဆိဋ္ဌော စ ကော်ဋ္ဌာသယော၊ အသာသဂ်ါနုသာရိနော။

(ဓာန်–၃၈)

(ဂ) တ–ကာရဝိပုလာ

လက္ခဏာ ဥယျံ သော်, လသော်၊
ထသော သော စ ဝိသေသနံ။
ကြောင့်ဟိတ် တွင် တု နိဒ္ဓါရဏ၊
အားဖြင့် ဝိသေသနံ မတ်။ (ရှေး)

သာ အဂ္ဂိ ဒဏ္ဍီ ဘိက္ခု စ၊သဏ္ဌေ ပိတာဒယော သိယုံ။
အဘိဘူ သမ္ဘဏ္ဍူ စ ဂေါ၊ ပုလ္လိင်္ဂမ်ိ ကမာ မတာ။

(လက်ဆောင်)

သာမညဂါထာ

ဘုရားရှင်သည် ဆန်းလက္ခဏာထက် ဝေနေယျတို့၏ အဇ္ဈာသယကိုအလေးထား ဟောကြားခြင်းကြောင့်ဆန်းလက္ခဏာ နှင့် မကိုက်ညီသော ပိဋကတ်တော်လာ ဂါထာများကိုသာမည အားဖြင့် ဂါထာ (သာမညဂါထာ) ဟုသာ အမည်ပေးရမည်။

* *ဆန်းသို့မလိုက်၊ ဝေနေကြို့ကိုက်သာ၊ ဟောကြားရာ၊ ဂါထာ သာမည။*

ကတာ မေ ရက္ခာ ကတံ မေ ပရိတ္တံ၊ ပဋိက္ကမန္တု ဘူတာနိ။
သောဟံ နမော ဘဂဝတော၊ နမော သတ္တန္နံသမ္မာသမ္ဗုဒ္ဓါနံ။

(ဓမ္မသုတ္တ)

သံကိုဏ္ဍဝိပုလာဂါထာ

ဝိပုလာ တစ်မျိုးမျိုးသာ မဟုတ်ပဲ ၂–မျိုး ရောနေလျှင် သံကိုဏ္ဍဝိပုလာဟု အမည်ပေးလေ၊ ဥပမာ– ပထမ မ–ကာရ နှင့် တတိယ နှ–ကာရ ရောနေလျှင် **သံကိုဏ္ဍဝိပုလာဂါထာ** ဟု အမည် ပေးရမည်၊ လိုရင်း ချုပ်မှာ–ပထမနှင့် တတိယတွင် ဝိပုလာ တစ်မျိုးစီ ဝင်နေသည်ကို ဆိုလို သည်။

နမူနာပုံစံ

တက္ကော ဝိတက္ကော သက်ပြေါ–ပွနောဟာယု တု ဇီဝိတံ။
ဧကဂ္ဂတာ တု သမထော၊ အဝိက္ခေပေါ သမာဓိ စ။

(ဓာန်–၁၅၅)

(ပထမ မ–ကာရနှင့် တတိယ နှ–ကာရတို့. ရောနှောနေသည်)

ပါဠိစာပေများ၌ ဂ–လုံးဖွဲ့.ဂါထာများသာ အတွေ့.များ သည်၊ ရေးသားသူများကလည်း ဂ–လုံးဖွဲ့. ဝတ္ထုမျိုးကိုသာ များ သောအားဖြင့် ရေးလေ့ ရှိကြသည်၊ တွေ့.တတ်သမျှသော ဂ–လုံးဖွဲ့. ဂါထာများ၌လည်း ဒုတိယ, စတုတ္ထပါဒ အစ ၄–လုံး နောင် ၈–ဂိုဏ်းဖြင့်သာ ၉၀% ထက်မနည်း တွေ့. ရသည်။

ဆန်းကျမ်းတို့၌လာသောဝတ္တမျိုးဇယား

ပထမပါဒ	ဒုတိယပါဒ	တတိယပါဒ	စတုတ္ထပါဒ	ဂါထာအမည်
ယ	ယ	ယ	ယ	ဝတ္တ
ယ	ဇ	ယ	ဇ	ပဏ္ဏာဝတ္တ
ဇ	ယ	ဇ	ယ	*ဝိပရီတပဏ္ဏာဝတ္တ
နဲ	ယ	နဲ	ယ	* စပလာဝတ္တ
ယ	တ,ဇ,ဘ,နဲ	ယ	တ,ဇ,ဘ,နဲ	* ပိဂ်ံလဝိပုလာ
တ,ဇ,ဘ,နဲ	တ,ဇ,ဘ,နဲ	တ,ဇ,ဘ,နဲ	တ,ဇ,ဘ,နဲ	*သေတဝဝိပုလာ
မ	ဇ	ယ	ဇ	ပ–မ,ကာရဝိပုလာ
ယ	ဇ	မ	ဇ	တ– ॥
မ	ဇ	မ	ဇ	မ,ကာရဝိပုလာ
နဲ	ဇ	နဲ	ဇ	နဲ,ကာရဝိပုလာ
ဘ	ဇ	ဘ	ဇ	ဘ,ကာရဝိပုလာ
ဇ	ဇ	ဇ	ဇ	ဇ,ကာရဝိပုလာ
သ	ဇ	သ	ဇ	သ,ကာရဝိပုလာ
ရ	ဇ	ရ	ဇ	ရ,ကာရဝိပုလာ
တ	ဇ	တ	ဇ	တ,ကာရဝိပုလာ
မ	ဇ	နဲ	ဇ	သဲကိဏ္ဏဝိပုလာ

* *အသုံးနည်း၍ ဆန်းလက်ဆောင်၌ မပြုသော ဂါထာများ။*

ဝဏ္ဏဂုတ္တိဂါထာများ

၁၁–လုံးဖွဲ့.

ဣန္ဒဝဇိရာ

၁။ ပါဒတိုင်း တ–ဂိုဏ်းနှစ်ခု, ဇ–ဂိုဏ်း ဂရု,ဂရု ရှိခြင်း။

* *တ–နှစ်ခု ဇ၊ ဂရု ၃၊ ဣန္ဒဝဇိရာ။*

လေ့ကျင့်ရန်ပုံစံ

ယံ ဒုန္ဓိမိတ္တံ အဝမဂ်ီလဗ္ဘ၊ ယော စာမနာပေါ သကုဏသ သဒ္ဒေ။
ပါပဂ္ဂဟော ဒုဿပိနံ အကန္တံ၊ ဗုဒ္ဓါနုဘာဝေန ဝိနာသမေန္တု။
ဗုဒ္ဓေါပိ ဗုဒ္ဓသ ဘဂဝေယျ ဝဏ္ဏံ၊ ကပ္ပမ္ပိ စေ အညမဘာသမာနော။
ခီယေထ ပမ္ပေါ စိရဒီဃမန္တရေ၊ ဝဏ္ဏော နု ခီယေထ တထာဂတဿ။

(ဒီ၊ ၇၊ ၁၊ ၂၅၇) နွေ–ကို ၁–လုံးထည်း ပေါင်း၍စစ်လေ။

ဆန်းစစ်ပုံ

ယံ ဒုန္ဓိ မိတ္တံအ ဝမဂ်ီ လ ဗ္ဘ၊
တ တ ဇ ဂ ဂ

ဥပေန္ဒဝဇိရာ

၁။ ပါဒတိုင်း ဇ,တ,ဇ,ဂိုဏ်း, ဂရု,ဂရု ရှိခြင်း။

* *ဇ,တ,နှင့် ဇ၊ ဂရု ၃၊ ဥပဣန္ဒဝဇိရာ။*

လေ့ကျင့်ရန်ပုံစံ

ဥပေတပုညော ဝရဗောဓိမူလေ၊သသေနမာရံ သုဂတောဇိနိတ္ထာ။
အဗောဇ္ဈိ ဗောဓိ အရုဏောဒယမှိ၊နမာမိ တံ မာရဇိနံ အဘာဂီ။

(နမက္ကာရ)

ဆန်းစစ်ပုံ– ဥပေတ ပုညော၀ ရဗောဓိ မူ လေ၊
ဇ တ ဇ ဂ ဂ

ဒေါဓကဂါထာ

ဘ–ဂိုဏ်း သုံးခု၊ ဒွိဂရု၊ မှတ်ရှု ဒေါဓကာ။

လေ့ကျင့်ရန်ပုံစံ

ရာဂဝိရာဂမနေဇမသောကံ၊ ဓမ္မမသခ်ိတမပဋိကူလံ။
မဓုရမိမံ ပဂုဏံ သုဝိဘတ္တံ၊ ဓမ္မမိမံ သရဏတ္ထမုပေဟိ။
ယတ္ထ စ ဒိန္နမဟပ္ဖလမာဟု၊ စတူသု သုစီသု ပုရိသယုဂေသု။
အဋ္ဌ စ ပုဂ္ဂလဓမ္မဒသာ တေ၊ သံ၀ဃမိမံ သရဏတ္ထမုပေဟိ။

(ခု၂၂၊ ဂ၆၊ ဒီ၊ဌ၊၁၊၂ ၀၅) မဓု, စတူ–တို့ကို ၁–လုံးတည်းပေါင်းယူပါ။

ဝိဓွဂ်ီမာလာ

** တ–ဂိုဏ်း သုံးခု၊ ဒွိ ဂရု၊ မှတ်ရှု ဝိဓွဂ်ီမာလာ။*

လေ့ကျင့်ရန်ပုံစံ– တသ္မာ ဟိ ဘိက္ခဝေ နိသာမေထ သမ္ဗေ။
အာတာပိနော ဈာယထော ဗြာဟ္မဏသ။

၁၂–လုံးဖွဲ့

ဝံသဌ ဂါထာ

၁။ ပါဒတိုင်း ဇ,တ,ဇ,ရ ဂိုဏ်းရှိခြင်း။

* *ဇ,တ,ဇ,ရ၊ ဂိုဏ်းနေက၊ မှတ်ကြ ဝံသဌာ။*

လေ့ကျင့်ရန်ပုံစံ

တထာဂတော ယော ကရုဏာကရော ကရော၊
ပယာတမောသဇ္ဇသုခပ္ပဒံ ပဒံ။
အကာ ပရတ္ထံ ကလိသမ္ဘဝေ ဘဝေ၊
နမာမိ တံ ကေဝလဒုက္ခရံ ကရံ။

(အဘိဓာန်–ပဏာမဂါထာ)

ဣန္ဒဝံသ ဂါထာ

၁။ ပါဒတိုင်း တ,တ,ဇ,ရ ဂိုဏ်းရှိခြင်း။

* *တ, တ, ဇ, ရ၊ ဂိုဏ်းနေက၊ ဣန္ဒဝံသ,သာ။*

လေ့ကျင့်ရန်ပုံစံ

မဂ္ဂင်္ဂါဝ ဝံ မုနိဒက္ခနာဝိကော၊
ဤဟာဖိယံ ဥဏကရေန ဂါဟကော။
အာရုယှ ယော တာယ ဗဟူ ဘဝဏ္ဏဝါ၊
တာရေသိ တံ ဗုဒ္ဓမယပ္ပဟံ နမေ။ *(နမက္ကာရ)*

ဥပဇာတိဂါထာ

** ပါဒလက္ခဏာ၊ ရောနှောရာ၊ မှတ်ပါ ဥပဇာတိတည်း။*

ဝဏ္ဏဝုတ္တိ ဂါထာများ၌ ၄–ပါဒလုံး လက္ခဏာ တူရ မည်ဆိုသော်လည်း လက္ခဏာသီးခြားစီရှိ ပါဒများရောနေလျှင် ဥပဇာတိဟု အမည်ပေးရမည်။ ဥပမာ–

ယံ ကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊ *(ဣန္ဒဝဇိရာ)*
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။ *(ဣန္ဒဝဇိရာ)*
နိ နော သမံ အတ္ထိ တထာဂတေန၊ *(ဥပေန္ဒဝဇိရာ)*
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ။ *(ဥပေန္ဒဝဇိရာ)*

တောဋကဂါထာ

၁။ ပါဒတိုင်း သ–ဂိုဏ်း ၄–ခုရှိခြင်း။

** သ–ဂိုဏ်းလေးခု၊ ရေးစီပြု၊ မှတ်ရှု တောဋကာ။*

လေ့ကျင့်ရန်ပုံစံ

ပဌမံ သကလက္ခဏမေကပဒံ၊
ဒုတိယာဒိပဒဿ နိဒဿနတောဝ။
သမနိ ဒုနိမာ သမဒ္ဒ သနိဒ္ဒ၊
ကမတော ဝိဘဇေ ပဌမေန ဝိနာ။ *(သခေါ်ပဋိကာ)*

၁၃–လုံးဖွဲ့.
ရှစ်ရာ ဂါထာ

ပါဒတိုင်း–

၁။ ၈,၁,သ,၈ ဂိုဏ်းနှင့် အဆုံး ဂရုတစ်လုံးရှိခြင်း၊

၂။ ၄–လုံးတစ်ရပ်, ၉–လုံး တစ်ရပ် ယတိပြတ်ရခြင်း။

* *၈,၁,သ,၈၊ အဆုံး၊ဂ,နှင့်၊ လေး၀,ကိုးခု၊ ယတိပြု၊ မှတ်ရ ရှစ်ရာ။*

လေ့ကျင့်ရန်ပုံစံ

အသခ်ီတံ သိ၀မမတံ သုဒ္ဒဒ္ဓသံ၊
ပရာယဏံ သရဏမနိတိကံ တထာ။
အနာသ၀ံ ၀ုဝမနိဒဿနာ ကတာ၊
ပလောကိတံ နိပုဏမနန္တမဂ္ဂရံ။ *(အဘိတန်–၇)*

မှတ်ချက် ။ ။ဤဂါထာ၌ ၉–လုံးတစ်ရပ်, ၄–လုံးတစ်ရပ် ယတိ ပြတ်ရမည်ဟုလည်း ဆိုကြသည်၊ ယင်းအဆိုအတိုင်း ။ဤဂါထာ၌ ယတိပြတ်၍ မရပါ။

(အဘိတန်ဆရာ ဆန်းမတတ်ဟု ဆိုနိုင်မည်လော)

စတုဂ္ဂဟေ,ဟိဟ ရုစိရာ–စသော ဝုတ္တောဒယဆန်း ပါဠိ၌ ၄–လုံးတစ်ရပ် ယတိပြတ်လျှင် ယတိဟီနဒေါသ သင့်နိုင်သည်ဟုလည်းဆိုကြသည်၊

**ဝိဘာတ်ကိုချေ။ ရှေ့ဆုံးနေ၊ မချေ နောက်စ ပြုတူစွ။*

ဟူသောအလင်္ကာစည်းကမ်းအရ ယတိဟီနဒေါသ မသင့်ပါ။

၁၄–လုံးဖွဲ့.

ဝသန္တတိလကာဂါထာ

ပါဒတိုင်း တ,ဘ,ဇ,ဇ,ဂုဏ်း, ဂရု,ဂရု ရှိခြင်း။

** တ,ဘ,ဇ,ဇ၊ ဂရု ၂၊ ဝသန္တတိလကာ။*

လေ့ကျင့်ရန်ပုံစံ

(က) သေဋ္ဌံ တိလောကမဟိတံ အဘိဝန္ဒိယဂ္ဂံ၊
ဗုဒ္ဓဠ္ဆ ဓမ္မမမလံ ဂဏမုတ္တမဠ္ဆ။
သတ္ထုသ္သ တဿ ဝစနတ္ထဝရံ သုဗုဒ္ဓံ၊
ဝက္ခာမိ သုတ္တဟိတမေတ္ထ သုသန္ဓိကပ္ပံ။

(ခ) သေယျဿိနေရိတနယေန ဗုဓာ လဘန္တိ၊
တဿာပိ တဿ ဝစနတ္ထသုဗောဓနေန။
အတ္ထဠ္ဆ အက္ခရပဒေသု အမောဟဘာဝါ၊
သေယျတ္ထိကော ပဒမတော ဝိဝိဓံ သုဏောယျ။

(ကစ္စည်း)

၂၁–လုံးဖွဲ့.

သဒ္ဓရာ ဂါထာ

ပါဒတိုင်း–

၁။ မ,ရ,ဘ,နှ,ယ,ယ,ယ–ဂိုဏ်းရှိခြင်း၊

၂။ ၇–လုံးတစ်ရပ်, ၇–လုံးတစ်ရပ် ယတိပြတ်ရခြင်း။

* *မ,ရ,ဘ,နှ၊ သုံးဂိုဏ်း ယနှင့်၊ သတ္တတိုင်းမှာ၊ ယတိလာ မှတ်ပါ သဒ္ဓရာ။*

လေ့ကျင့်ရန်ပုံစံ

ယော သန္တော သန္တစိတ္တာ, တိသရဏ သရဏာ,ဇတ္ထ လောကန္တရေ ဝါ
ဘုမ္မာ ဘုမ္မာ စ ဒေဝါ, ဂုဏဂဏ ဂဟဏာ, ဗျာဝဋ္ဌာ သဗ္ဗကာလံ။
ဇတေ အာယန္တု ဒေဝါ,ဝရကနကမယေ, မေရုရာဇေဝသန္တော၊
သန္တော သန္တောသဟေတုံ, မုနိဝရဝစနံ,သောတု မဂ္ဂံ သမဂ္ဂါ။

(ပရိတ်ကြီးပါဠိ)

မတ္တြာဆန်း

မတ္တြာဆန်းခ်ဋ် ၄–မတ္တြာရှိသော အောက်ပါ ၅–ဂိုဏ်း ကိုသာသုံးသည်။

ဂိုဏ်း အမည်	သကေ်တ
၁။ သဗ္ဗဂရု (မ) ဂိုဏ်း	၂၂
၂။ သဗ္ဗလဟု (နှ) ဂိုဏ်း	၁၁၁၁
၃။ ဘ–ဂိုဏ်း	၂၁၁
၄။ ဇ–ဂိုဏ်း	၁၂၁
၅။ သ–ဂိုဏ်း	၁၁၂

* *လေးမတ္တြာ၊ တစ်ဂိုဏ်းလာ၊ မတ္တာဝုတ္တိ ငါးဂိုဏ်းရှိ။*

အရိယာ ဂါထာ

ပုဗ္ဗမှ ၆–

၁။ ဆဋ္ဌဂိုဏ်းသည် ဇ–ဂိုဏ်း (သို့မဟုတ်) နှ–ဂိုဏ်း ဖြစ်ရခြင်း။

၂။ အဆုံးခ်ဋ္ဌ ဂရုတစ်လုံး ရှိရခြင်း။

၃။ အခြား ၆–ဂိုဏ်း (ဂိုဏ်းဌာန ၆–ခု) ရှိရခြင်း။

၄။ ဝိသမ ဂိုဏ်းဌာနခ်ဋ္ဌ ဇ–ဂိုဏ်း မရှိရခြင်း။

အပရမှ ၆–

၁။ ဆဋ္ဌ ဂိုဏ်းသည် လဟု တစ်လုံးဖြစ်ရခြင်း။

၂။ အဆုံးခ်ဋ္ဌ ဂရုတစ်လုံး ရှိရခြင်း။

၃။ အခြား ၆–ဂိုဏ်း (ဂိုဏ်းဌာန ၆–ခု) ရှိရခြင်း။

၄။ ဝိသမ ဂိုဏ်းဌာနခ်ဋ္ဌ ဇ–ဂိုဏ်း မရှိရခြင်း။

ဤ ဆိုအပ်ခဲ့ပြီးသော လက္ခဏာများနှင့် ညီညွတ်လျှင် သာမန်အားဖြင့် အရိယာဂါထာဟုခေါ်နိုင်တော့၏။ အရိယာ စာရင်း ဝင်သည်ဟု ဆိုလိုသည်။

* *ပုဗ္ဗမှ် ဆဋ္ဌ၊ ဇ,နှင့် နှ,တွင်၊ တစ်ဂိုဏ်း ဝင်၍၊ ထို့ပြင် ဆုံး ဂ၊ ကျန် ခြောက်ဝ၊ မရ ဇ,မှာ၊ ဝိသမာ။*

* *ဆဋ္ဌ လဟု၊ တစ်လုံး၌၊ ထူးမှ နောက်မှာ အရိယာ။*

အရိယာဂါထာ ဂိုဏ်းနေပုံ

အမှ	၁	၂	၃	၄	၅	၆	၇	၈	မတြာ
ပုဗ္ဗမှ	ဘ	ဘ	ဘ	ဘ	ဘ		ဘ		၃၀
		◌		◌		◌			
	သ	သ	သ	သ	သ		သ	ဂ	
	မ	မ	မ	မ	မ		မ		
	နံ	နံ	နံ	နံ	နံ	နံ	နံ		
အပရမှ	ဘ	ဘ	ဘ	ဘ	ဘ		ဘ		၂၇
		◌		◌					
	သ	သ	သ	သ	သ	လ	သ	ဂ	
	မ	မ	မ	မ	မ		မ		
	နံ	နံ	နံ	နံ	နံ		နံ		

အရိယာဂါထာ၌ ယတိလက္ခဏာကို နိစ္စမဟုတ်ခြင်း, အခြေပြုသူများအတွက် မကြန့်ကြာစေလိုခြင်းကြောင့် ချန်လှပ်ခဲ့ပါသည်။

အရိယာမျိုး ဂါထာများ၌ ပုဗ္ဗမှ,အပရမှနှစ်ပါးလုံး ဂိုဏ်းဌာန ၈–ခုစီရှိကြသည်၊ ယင်းတို့အနက်–

၁။ မ,ကျသော ၁,၃,၅,၇ ဌာနများကို ဝိသမ၊

၂။ စုံကျသော ၂,၄,၆,၈ ဌာနများကို သမ,ဟုမှတ်ရမည်။

ပုဗ္ဗမှ၌ ၄–မတြာပြည့်သော ဂိုဏ်းဌာန ၇–ခုနှင့် ၂–မတြာရှိ အဆုံးဂရုတစ်လုံး ပေါင်းလျှင် (၄×၇+၂=၃၀) မတြာ ၃၀–ဖြစ်၏။

အပရမှ၌ ၄–မတြာပြည့်သော ဂိုဏ်းဌာန ၆–ခုနှင့် ၁–မတြာရှိ ဆဋ္ဌလဟု, ၂–မတြာရှိ အဆုံးဂရုတို့ကိုပေါင်းလျှင် (၄×၆+၁+၂=၂၇) မတြာ ၂၇–ဖြစ်၏။

နမူနာပုံစံ

ကရုဏာသီတလဟာဒယံ၊ ပညာပဇ္ဇောတဝိဟာတမောဟာတမံ။
သနရာမရလောကဂရုံ၊ ဝန္ဒေ သုဂတံ ဂတိဝိမုတ္တံ။

(ဒီ–၄–၁၊ပဏာမ)

ဝိဝိဓဝိသေသနယတ္တာ၊ ဝိနယနတော စေဝ ကာယဝါစာနံ။
ဝိနယတ္ထဝိဒူဟိ အယံ၊ ဝိနယော ဝိနယောတိ အက္ခာတော။

(ဒီ၊ ၅၊ ၁၊ ၁၇)

အတ္ထာနံ သူစနတော၊ သုဝုတ္ထတော သဝနတောထ သူဒနတော။
သုတ္ထာဏာ သုတ္ထသဘာ–ဂတော စ သုတ္ထန္တိ အက္ခာတံ။
ယံ ဇတ္ထ ဝုမိုမန္ဒော၊ သလက္ခဏာ ပူဇိတာ ပရိစ္ဆန္နာ။
ဝုတ္ထာဝိကာ စ ဝမ္မာ၊ အဘိဝမ္မော တေန အက္ခာတော။
ပိဋကံ ပိဋကတ္ထဝိဒူ၊ ပရိယတ္တိ ဗ္ဘာဇနတ္ထတော အာဟု။
တေန သမောဓာနေတ္ဝာ၊ တယောပိ ဝိနယာဒယော ဧ ယျာ။
(ဒီ၊ ၌၊ ၁၊ ၁ဂ၊ ၁ဍ)

ဆန်းစစ်ပုံ

ကရုဏာ,သီတလ,ဟဒယံ၊ ပညာ,ပဒ္ဒော, <u>တဝိဟာတ</u>, မောဟာတ, <u>မံ</u>။
ဆဋ္ဌာန အဆုံးဂရ

သနရာ, မရလော, ကဂရုံ၊ သုဂတံ <u>ဂ</u> တိဝိမုတ် <u>တံ</u>။
ဆဋ္ဌလဟု အဆုံးဂရ

ဤနည်းအတိုင်း ၄–မတြာ ၁–ဂိုဏ်း, ၄–မတြာ ၁–ဂိုဏ်း အားဖြင့် ၅–ဂိုဏ်းပြည့်အောင်ယူပါ။ ယင်း ၄–မတြာ ၅–ဂိုဏ်းနောင် ၄–မတြာ ၂–ဂိုဏ်းနှင့် လုံးပို ၁–လုံးရှိလျှင် ပုဗ္ဗမှ၊ မရှိလျှင် အပရမှ အဖြစ် စစ်ပါ။ ပုဗ္ဗမှ ၌ ဆဋ္ဌ ၈/နှ–ဂိုဏ်းနှင့် အန္တ ဂရုတို့၏ အကြားတွင် ၄–မတြာ ၁–ဂိုဏ်းရှိသည်၊ အပရမှ ၌ ဆဋ္ဌလဟု ၁–လုံးနှင့် အန္တ ဂရုတို့၏ အကြားတွင် ၄–မတြာ ၁–ဂိုဏ်းရှိသည်။

ဤ နည်း အတိုင်း ၄–မတြာစီ ၅–ဌာနပြု၍ ဆဋ္ဌဌာန နှင့် အန္တဂရုဌာနတို့ကို ပြု၍လည်းကောင်း, ဆဋ္ဌဌာနနှင့် အန္တဌာန တို့အကြား ၁–ဂိုဏ်း ကျန်,မကျန် စိစစ်၍လည်းကောင်း ပြလျှင် ပို၍လွယ်ကူသည်၊ ဆဋ္ဌနှင့် အန္တမှတစ်ပါ:အခြားဌာနတို့၌ ၄–မတြာစီ မှတ်သား:ရုံဖြင့်ပင် လုံလောက် သည်၊ ဂိုဏ်းအမည် မပေးသော်လည်း ဆန်:စစ်မှုကိစ္စ ပြီ:စီ:နိုင်သည်။

အရိယာသုံ:မျိုး

ဆိုခဲ့ပြီ:အတိုင်: ပုဗ္ဗမှလက္ခဏာ ၄–ချက်, အပရမှ လက္ခဏာ ၄–ချက်စီ ပြည့်စုံလျှင် သာမန်အား:ဖြင့် အရိယာ အဆင့်ဝင်သည်၊ အရိယာဂါထာတိုင်:သည် ထိုသာမန်အရိယာ လက္ခဏာ ၈–ချက်အပေါ် မူတည်နေသည်၊ သာမန် လက္ခဏာ ၈– ချက်ရှိရမည့်အပြင်–

၁။ ပထမ, တတိယဟူသော အစပါဒအစုံသည် ၃–ဂိုဏ်:နှင့် ယတိပြတ်လျှင် ပထျာအရိယာ၊

၂။ အစပါဒအစုံသည် ၃–ဂိုဏ်:ကိုကျော်လွန်လျှင် ဝိပုလာအရိယာ၊

၃။ ဒုတိယ, စတုတ္ထ ၈–ဂိုဏ်းသည် ဂရ ၂–လုံးတို့ ၏အလယ်၌ရောက်နေလျှင် စပလာအရိယာဟု အရိယာ ၃– မျိုးမှတ်ရမည်။

* *ပ,တ, ပါ၁၊ သုံးဂိုဏ်းက၊ မှတ်ကြ ပထျာ။*
* *ပ,တ,နှစ်ဖော်၊ သုံးဂိုဏ်းကျော်၊ မှတ်နော် ဝိပုလာ။*
* *ဒု,စ,၈ ကား၊ ဂ,လယ်ထား၊ မှတ်သား စပလာ။*

လေ့ကျင့်ရန်ပုံစံများ

၁။ ပထျာအရိယာ

ကရုဏာသီတလဟဒယံ၊ ပညာပဒ္ဓောတဝိဟတမောဟတမံ။
သနရာမရလောကဂရုံ၊ ဝန္ဒေ သုဂတံ ဂတိဝိမုတ္တံ။

၂။ ဝိပုလာအရိယာ

ဒီဃသော ဒီဃသုတ္တကိ–တသော နိပုဏသော အာဂမဝရသော။
ဗုဒ္ဓါနုဗုဒ္ဓသံဝဏ္ဏိ–တသော သဒ္ဓါဝဟဂုဏသော။

(ဒီ–၄–၁– ဂန္ထာရम္ဘ)

၃။ စပလာအရိယာ

ပထျာဒိလက္ခဏတ္တာ၊ စတုဗ္ဗိဓာ သောဘယတ္ထ ယသော စေ။
ဂရုမဇ္ဈဂေါ ၈ ကာရော၊ စတုတ္ထကော ဒုတိယကော စပလာ။

ဂီတိမျိုး

ဂီတိမျိုးဂါထာများသည်လည်း အရိယာမျိုး ဂါထာကို အခြေခံ၍ ဖြစ်ပေါ်လာကြရသည်၊ ထိုဂီတိမျိုးသည်---

၁။ ဂီတိ (ပုဗ္ဗမု, အပရမုနှစ်ပါးစုံ၌ အရိယာဂါထာ၏ ပုဗ္ဗမုလက္ခဏာ ရှိခြင်း)

၂။ ဥပဂီတိ (ပုဗ္ဗမု, အပရမု နှစ်ပါးစုံ၌ အရိယာဂါထာ၏ အပရမုလက္ခဏာရှိခြင်း)

၃။ ဥဂ္ဂီတိ (ပုဗ္ဗမု၌ အရိယာဂါထာ၏ အပရမုလက္ခ-ဏာ, အပရမု၌ အရိယာဂါထာ၏ ပုဗ္ဗမုလက္ခဏာ ရှိခြင်း) *အရိယာပြောင်းပြန်၊*

၄။ အရိယာဂီတိ (ပုဗ္ဗမု, အပရမု နှစ်ပါးစုံ၌ အဆုံးဂရ တစ်လုံး ပိုလွန်သော အရိယာဂါထာ၏ ပုဗ္ဗမုလက္ခ-ဏာရှိခြင်း)

* *ဂီတိ, ဥပ၊ ဥဂ်, ရိယပါ။ ဂီလေးဖြာ၊ ရိယာခြေခံထား။။*

* *ရှေ, နောက်, ပြောင်းပြန်၊ ပုဗ္ဗန္တ၊ တိုးရန် ဂ-တစ်လုံး။။*

လေ့ကျင့်ရန်ပုံစံများ

ဂီတိဂါထာ

ကရဏီယမတ္ထကုသလေန၊ ယန္တ သန္တံ ပဒံ အဘိသမေစ္စ။
သက္ကော ဥဇု စ သုဟုဇု စ၊ သုဝစော စဿ မုဒု အနတိမာနီ။

ဥပဂီတိဂါထာ

အရိယာယံ ဒုတိယမော၊ ဂဒိတာခိလလက္ခဏံ ယံ တံ။
ဘဝတိ ဒလေသုဘယေသုပိ၊ ယဒိ ယဿာ သာယမုပဂီတိ။

ဥဂ္ဂီတိဂါထာ

အရိယာယမုဒ္ဓိတယံ၊ ပုဗ္ဗောဒိတလက္ခဏောပေတံ။
ဝိပရိယယေနာဘိဟိတံ၊ ယဿာ သမ္ဘဝတိ စေဟ သောဂ္ဂီတိ။

အရိယာဂီတိဂါထာ

အရိယာပုဗ္ဗမုံ ယဒိ၊ ဂရုနေကေနာဝိကေန နိဝေနေ ယုတ္တံ။
ယဒိ ပုဗ္ဗမုသမာနံ၊ ဒလမိတရံ စောဒိတာယမရိယာဂီတိ။

ဝေတာလီမျိုး

ဝေတာလီလက္ခဏာ

၁။ ဝိသမပါဒ အစဉ် ဖ–မတြာရှိရခြင်း၊

၂။ သမပါဒ အစဉ် ဂ–မတြာရှိရခြင်း၊

၃။ ဝိသမပါဒ အစ ဖ–မတြာ, သမပါဒ အစ ဂ–မတြာ နောင် ရ–ဂိုဏ်း, လဟု, ဂရု ရှိရခြင်း၊

၄။ သမပါဒ အစဉ် လဟု ဖ–ခု တစ်ဆက်တည်း မနေ ရခြင်း။

** ဝိသမ နှင့်၊ သမ, စ–မှာ၊ မတြာ ခြောက်,ရှစ်၊ နောက် လှစ် ရ,လ၊ ဂရုပြုလျှက်၊ သမ,စ–တွင်၊ လဟုစဉ်၊ မဝင်ခြောက်ခု၊ ဝေတာရှု။*

လေ့ကျင့်ရန်ပုံစံ

ဥဒကံ ဟိ နယန္တိ နေတ္တိကာ၊ ဥသုကာရာ နမယန္တိ တေဇနံ။
ဒါရံ နမယန္တိ တစ္ဆကာ၊ အတ္တာနံ ဒမယန္တိ ပဏ္ဍိတာ။

(ဓမ္မပဒ–၂၅)

ဆန်းစစ်ပုံ

ဥဒကံဟိန	ယန္တိနေတ်	တိကာ၊	ဥသုကာရာနမ	ယန္တိတေ	ဇနံ
ဖ–မတြာ	ရ	လ–ဂ	ဂ–မတြာ	ရ	လ–ဂ

သြပစ္ဆန္နသကလကွဏာ

၁။ ဝိသမပါဒ အစဉ် ၆–မတြာရှိရခြင်း၊

၂။ သမပါဒ အစဉ် ၈–မတြာရှိရခြင်း၊

၃။ ဝိသမပါဒ အစ ၆–မတြာ, သမပါဒ အစ ၈–မတြာ နောင် ရ,ယ– ဂိုဏ်းရှိရခြင်း၊

၄။ သမပါဒ အစဉ် လဟု ၆–ခု တစ်ဆက်တည်း မနေ ရခြင်း။

* *ဝိသမနှင့် သမ, စ–မှာ၊ မတြာ ခြောက်,ရှစ်၊ နောက် လှစ် ရ,ယ၊ သမ, စ တွင်၊ လဟုစဉ်၊ မဝင်ခြောက်ခု သြပစ်ရှု။*

လေ့ကျင့်ရန်ပုံစံ

ကဝိတ္တာအင်ေသု ဇကဘူတံ၊ ဆန္ဒောဘာသံ ဗောဓိတုံ သုခေန။
ဇကန္တေနိစ္ဆိတံ ယမတ္ထံ၊ ဆန္ဒောပါထေယျံ ဝိသခ်ိတံ မေ။

(လက်ဆောင်)

ယော ဥပ္ပတိတံ ဝိနေတိ ကောဓံ၊ ဝိသဋ္ဌ သပ္ပဝိသံဝ သြသဟေတိ။
သော ဘိက္ခု ဇဟာတိ သြရပါရံ၊ ဥရဂေါ ဇိဏ္ဏမိဝတ္တစ် ပုရာဏံ။

(ခု–၁–၂၇၉)

သိထိလံ ဓနိတဉ္စ ဒီဃရဿံ၊ ဂရုကံ လဟုကဉ္စေဝ နိဂ္ဂဟီတံ။
သမ္မန္ဓဝဝတ္ထိတံ ဝိမုတ္တံ၊ ဒသဓာ ဗျဉ္ဇနဗုဒ္ဓိယာ ပဘောဒေါ။

(ဒီ၊ ၅၊ ၁၊ ၁၅၉)

အပရန္တိကာ လက္ခဏာ

၁။ ၄–ပါဒလုံး အစ ၈–မတြာနောင် ရ–ဂိုဏ်း, လဟု, ဂရု ရှိရခြင်း၊

၂။ အစဋ္ဌ လဟု ၆–ခု တစ်ဆက်တည်း မနေရခြင်း။

(ဝေတာလီသမ,လက္ခဏာရှိခြင်း)

* *မတြာရှစ်ပါး၊ အစထား၍၊ နောက်ပါး ရ,လ၊ ဂရုပြ လျှက်၊ အစဋ္ဌတွင်၊ လဟုစဉ်၊ မဝင်ခြောက်သိ အပရန္တိ။*

လေ့ကျင့်ရန်ပုံစံ

ပဋိသခ်ီယ ပနေတမဒ္ဓုဝ်၊ အဓိဂန္ဓာ ပဒမစ္ဆုတံ ဗုဓာ။
သုသမုစ္ဆိန္နသိနေဟဗန္ဓနာ၊ သမမေသန္တိ စိရာယ သုဗ္ဗတာ။

(သဂ်ီဟ)

စာရုဟာသိနီလက္ခဏာ

၄–ပါဒလုံး အစ ၆– မတြာနောင် ရ–ဂိုဏ်း, လဟု, ဂရုရှိခြင်း။ *(ဝေတာလီ ဝိသမလက္ခဏာ ရှိခြင်း)*

* *မတြာခြောက်ပါး၊ အစထား၍၊ နောက်ပါး ရ,လ၊ ဂရု ပြ၊ မှတ်ကြ စာရုဟာသိနီ။*

လေ့ကျင့်ရန်ပုံစံ

ပဋိသန္ဓိ ဘဝဂ်ိုဝိထိယော၊ စုတိစေဟ တထာ ဘဝန္တရေ။
ပုန သန္ဓိ ဘဝဂ်ိ မိစ္ဆယ်၊ ပရိဝတ္တတိ စိတ္တသန္တတိ။ *(သဂ်ီဟ)*

ယခုဆိုခဲ့ပြီးသမျှဖြင့်ပင်---

၁။ ပရိတ်ကြီးပါဠိ၊

၂။ သဒ္ဒါ, သဒ္ဓြာ ပါဠိ၊

၃။ ဓမ္မပဒပါဠိ၊

၄။ အဘိဓာန်, အလင်္ကာပါဠိ၊

ဤသို့ အစရှိသဖြင့် ပါဠိစာပေတို့၌ တွေ့တတ်သမျှ ဂါထာအားလုံးနီးပါး အကျုံးဝင်ပြီးသား ဖြစ်ပါလိမ့်မည်၊ အထူးအားဖြင့် ပရိတ်ကြီး ရတနသုတ် ယာနီဓ ဘူတာနိ စသော ဂါထာအားလုံးသည် ၁၁-လုံးဖွဲ့,၁၂-လုံးဖွဲ့.ဝဏ္ဏဝုတ္တိဂါထာများဖြစ်သည်၊ မေတ္တသုတ်လာ ဂါထာများသည် ဂီတိဂါထာများဖြစ်သည်။

အချိန်တိုတိုဖြင့် ဆန်းအရသာ ခံစားနိုင်ရန် ရည်ရွယ်သဖြင့် ပတ်ဝန်းကျင် အသုံးနည်းလှသော ဆန်းအဆိုအမိန့်များကို ချန်လှပ် ထားခဲ့ပါသည်၊ အကျဉ်းပြထားသည် ဆိုသော်လည်း တွေ့တတ်သမျှ ဂါထာများ အံ့လုံ ပါဝင်ပြီး ဖြစ်ပါသည်၊ ပါဠိကဗျာ ဂါထာရေးသားမှု, စိစစ်နိုင်မှုတို့အတွက် ပတ်ဝန်းကျင် ပညာရှင်များနှင့် ရင်ဘောင်တန်း၍ ဆန်းအရသာကို ခံစားနိုင်ပါလိမ့်မည်။

ဥာဏ်ကစားရန်နည်းခြောက်တန်

၁။ ပတ္ထာရနည်း

* *ဂရု အားလုံး၊ ဆန်းညီသုံး၍၊ ရှေ့ဆုံး ဂရု၊ အောက်လ ဟုနှင့်၊ ဂရု ရှေ့ထား၊ သူ့ နောက်ပါးမှာ၊ ထက်ညီစွာ၊ ဆုံးရာ လဟု အားလုံးပြု။*

ကျယ်ပြန့်အောင် ဖြန့်ကျက်သောနည်းကို ပတ္ထာရနည်း ဟု ခေါ်သည်၊ပတ္ထာရဖြန့်ကျက်လိုလျှင်---

၁။ ဆန်းနှင့်ညီသော ဂရုများ တည်ထားရမည်၊

၂။ (က) ရှေ့ဆုံးဂရုအောက်၌ လဟု ရေးရမည်၊

(ခ) ရှေ့၌ လိုအပ်လျှင် ဂရု ရေးရမည်၊

(ဂ) နောက်၌ လိုအပ်လျှင် အထက်တန်းနှင့် တူ အောင်ရေးရမည်၊

ဤ အချက် ၃-ချက်ဖြင့် လဟု ချည်းဖြစ်သည့်တိုင်အောင် ဖြန့်ကျက်ရမည်။

၁–လုံးဖွဲ့.

(၁) ၂

(၂) ၁

ရှင်းချက်––

(၁) ၁–လုံးဖွဲ့.ဖြစ်၍ ဂရုတစ်လုံးတည်း တည်ထားပုံ၊

(၂) ရှေ.ဆုံးဂရုအောက်၌ လဟုရေးထားပုံ၊ ရှေ.ဘက် နောက်ဘက်၌ ရေးစရာမရှိပုံ၊ လဟုအားလုံးဖြစ်သွားပုံ။

၂–လုံးဖွဲ့.

(၁) ၂ ၂

(၂) ၁ ၂

(၃) ၂ ၁

(၄) ၁ ၁

ရှင်းချက်––

(၁) ဆန်းနှင့်ညီသော ဂရုမျှားတည်ထားပုံ၊

(၂) ရှေ.ဆုံးဂရု၏အောက်၌ လဟုရေးထားပုံနှင့် နောက်၌ အထက်တန်းနှင့်တူညီစွာရေးထားပုံ၊

(၃) ရှေ.ဆုံးဂရုဏ၏အောက်၌ လဟုရေးထားပုံနှင့် ရှေ့၌ ဂရုရေးထားပုံ၊

(၄) ရှေ.ဆုံးဂရုဏ၏အောက်၌ လဟုရေးထားပုံနှင့် နောက်၌ အထက်တန်းနှင့်တူညီစွာ ရေးထားပုံ, လဟုချည်းဖြစ်သွားပုံ။

၃–လုံးဖွဲ့.

၁။	၂၂၂
၂။	၁၂၂
၃။	၂၁၂
၄။	၁၁၂
၅။	၂၂၁
၆။	၁၂၁
၇။	၂၁၁
၈။	၁၁၁

၄-လုံးဖွဲ့.

၁။	၂၂၂၂
၂။	၁၂၂၂
၃။	၂၁၂၂
၄။	၁၁၂၂
၅။	၂၂၁၂
၆။	၁၂၁၂
၇။	၂၁၁၂
၈။	၁၁၁၂
၉။	၂၂၂၁
၁၀။	၁၂၂၁
၁၁။	၂၁၂၁
၁၂။	၁၁၂၁
၁၃။	၂၂၁၁
၁၄။	၁၂၁၁
၁၅။	၂၁၁၁
၁၆။	၁၁၁၁

၂။ နဋ္ဌနည်း

* *ဂါထာမသိ၊ နံပါတ်ရှိက၊ တည်ဘိနံပါတ်၊ နှစ်စား ပြတ်လ၊ မပြတ် ဂ, တည်း။ ထိုမှ နောက်ထပ်၊ ရလဒ်ပေါ် တွင်၊ အကြွင်းတင်၍၊ နှစ်ပင်စားပါ။ ရှေးနည်းသာ၊ လိုရာအကြိမ်တိုင်း။*

ပျောက်ပျက်နေသော ဂါထာကို အစားထိုးရန်, သိရှိ ရန်, တွက်ချက်သောနည်းကို **နဋ္ဌနည်း** ဟုခေါ်သည်၊ ယင်းနဋ္ဌ နည်း တွက်လိုသော်---

၁။ သိလိုသော အတန်းနံပါတ်ကိုတည်၍ ၂-ဖြင့်စားပြီး ပြတ်လျှင် လဟု၊ မပြတ်လျှင် ဂရှုဟု မှတ်ထားရမည်။

၂။ နောက်ထပ်တဖန် ရလဒ်ကို အကြွင်းနှင့် ပေါင်း၍ ၂-ဖြင့်စားကာ ပြတ်လျှင် လဟု၊ မပြတ်လျှင် ဂရှ ဟုမှတ်ထား ရမည်၊ ဤနည်းဖြင့် ၁-လုံးဖွဲ့ဖြစ်က တစ်ကြိမ်၊ ၂-လုံးဖွဲ့ဖြစ် က နှစ်ကြိမ်၊ ၃-လုံးဖွဲ့ဖြစ်က သုံးကြိမ် စသည်ဖြင့် အကြိမ်လို သလောက် ရလဒ်ကို အကြွင်းနှင့်ပေါင်း၍ စားပါလေ။

ဥပမာ- ၃-လုံးဖွဲ့ ၅-တန်းမြောက်ဂါထာကို သိလို သော်--

ပထမအကြိမ်	ဒုတိယအကြိမ်	တတိယအကြိမ်
၂	၁	၁
၂) ၅	၂) ၂	၂) ၂
၂	၂	၂
၁ (၂)	၁ (၂)	၀ (၁)

ပထမအကြိမ်-- အတန်းနံပါတ် ၅-ကိုတည်၊ ၂-ဖြင့် ့စားလျှင် ရလဒ် ၂၊ အကြွင်း-၁ ဖြစ်၍ မပြတ်သောကြောင့် ဂရ သို့မဟုတ် ၂-ဂဏန်းမှတ်ထားရမည်။

ဒုတိယအကြိမ်--ရလဒ် ၂-ကို အကြွင်း ၁-နှင့် ပေါင်းပြီး ၃-ကိုတည်၊ ၂-ဖြင့်စားလျှင် ရလဒ် ၁၊ အကြွင်း ၁-ဖြစ်၍ မပြတ်သောကြောင့် ဂရ သို့မဟုတ် ၂-ဂဏန်း မှတ်ထားရမည်။

တတိယအကြိမ်-- ရလဒ်-၁ ကို အကြွင်း -၁ နှင့် ပေါင်းပြီး ၂-ကိုတည်၊၂- ဖြင့်စား၊ ရလဒ်-၁၊ အကြွင်းမရှိပြတ်သောကြောင့် လဟု သို့မဟုတ် ၁-ဂဏန်းမှတ်ထားရမည်။

ဤသို့လျှင် ပထမ, ဒုတိယ, တတိယ အကြိမ်တို့၌ မှတ်သားခဲ့သောအရာတို့ကို စဉ်လိုက်လျှင်-၂၂၁- ဟု သိလိုသော ဂါထာဖြစ်တော့၏။

မှတ်ချက်။ ။ တည်ကိန်းက ၁–ဖြစ်၍ ၂–ဖြင့်မစား လောက်လျှင် ၁–ခုကြွင်းသည်ဟုပင် မှတ်ယူရမည်။

ဥပမာ– ၄–လုံးဖွဲ့ ၁–နံပါတ်ဂါထာကိုသိလိုလျှင်– ပထမအကြိမ်–– နံပါတ် ၁–ကိုတည်၊ ၂– ဖြင့်စား၊ မစား လောက်၍ ၁–ကြွင်းသောကြောင့် ဂရ သို့မဟုတ် ၂–ဂဏန်း ဟုမှတ်ထားရမည်။

```
  ०
२ | ১
  | ०
  ১    (२)
```

ဒုတိယ, တတိယ, စတုတ္ထ အကြိမ်တို့၌လည်း ရလဒ် မရှိသော အကြွင်း ၁–ကိုပင်တည်၍ ၂–ဖြင့်စားက မစားလောက် သဖြင့် အကြွင်း ၁–ဂဏန်းချည်းဖြစ်နေသောကြောင့် အား လုံးမပြတ်ဖြစ်နေသည်၊ အားလုံးကို စဉ်တန်းလိုက်လျှင်–– ၂၂၂၂– ဟုသိလိုသော ဂါထာဖြစ်ပေါ်လာတော့သည်။

၃။ ဥဒ္ဒိဋ္ဌနည်း

** နံပါတ်မသိ၊ ဂါထာရှိက၊ ထိုဏ်၏ အစ၊ အောက်ခြေ မှလျှင်၊ ဧက ဝင်၍၊ နောက်တွင်ဆ, ပွား။ ဂဏန်းများမြောက်၊ လဟု အောက်၊ စုရောက်သချိုဟ် တစ်ပေါင်းပါ။*

ဂါထာကိုသာ သိပြီး နံပါတ်ကို မသိသဖြင့် နံပါတ်ကို တိုက်ရိုက်ညွှန်ပြနိုင်အောင် တွက်ချက်သော နည်းကို ဥဒ္ဒိဋ္ဌနည်း ဟုခေါ်သည်၊ ယင်းဥဒ္ဒိဋ္ဌနည်း တွက်လိုသော်---

၁။ နံပါတ် သိလိုသော ဂါထာ၏ ဂရ, လဟု အနေ အထားကို တည်ထားရမည်၊

၂။ ထိုဂါထာ၏ အစ အောက်ခြေ၌ ၁-ဂဏန်းရေး၍ နောက်၌ ၂, ၄, ၈- စသည်ဖြင့် တစ်ဆ တစ်ဆ တိုးပွား၍ ရေးမှတ်ရမည်၊

၃။ လဟု အောက်ရှိ ဂဏန်းများနှင့် အပို ၁-ဂဏန်းကို ပေါင်းလျှင် သိလိုသော နံပါတ်ရတော့သည်၊

ဥပမာ-၄-လုံးဖွဲ့ ၂၁၁၁-ဂါထာ၏ နံပါတ်ကို သိလိုသော်-- ၂ ၁ ၁ ၁ ← နံပါတ်သိလိုသော ဂါထာ

၁ ၂ ၄ ၈ ← အောက်၌ တစ်ဆ တစ်ဆ ပွားရေးပုံ၊ လဟု အောက်ရှိ ဂဏန်းများနှင့် အပို ၁-ဂဏန်းကို ပေါင်းလျှင်-

၂ + ၄ + ၈ + ၁ = ၁၅ သိလိုသော နံပါတ်မှာ ၁၅-ဖြစ်၏။

၄။ သဗ္ဗ ဂ, လ နည်း

* *ဆန်းညီ တစ်မျှား။ ထက်အောက် ထား၍၊ ထိပ်ဖျား နောက်ဘေး။ တစ်ကိုရေးလျှက်၊ သူ့ရှေ့နှင့်ပေါင်း။ အောက်အ ကြောင်းမျှား။ ဤနည်းထားလော၊ အခြားနောက်ဖက်၊ ထိပ်တစ် ကွက်ချန်၊ ဤနည်းမှန်ကို၊ ပြုပြန်ပြီးခါ။ အောက်တန်းမှာ၊ လိုရာ သဗ္ဗ ဂ, လ နည်း။။*

သဗ္ဗဂရ ဂါထာ စသည်တို့၏ အရေအတွက်ကို သိနိုင်ရန် တွက်ချက်သောနည်းကို သဗ္ဗ ဂ, လ နည်းဟုခေါ်သည်။

ပထျာတွင်–

အစဆုံးဂါထာသည် သဗ္ဗဂရုဂါထာ၊

နောက်ဆုံး ဂါထာသည် သဗ္ဗလဟုဂါထာ ဖြစ်သည်၊ ၃–လုံးဖွဲ့. ပထျာဖြစ်လျှင် သဗ္ဗဂရုသည် ဂရု ၃–လုံးဖြစ်၍ သဗ္ဗဂရု အောက်၌ ဒွိဂရု, ဧကဂရု ဟုသိရမည်၊ ထို့အတူ ၄–လုံးဖွဲ့. ပထျာတွင် သဗ္ဗဂရုသည် ဂရု ၄–လုံးဖြစ်၍ ၄င်း၏ အောက်၌ တိဂရု, ဒွိဂရု, ဧကဂရု ဟုသိရမည်။

ယင်း သမ္ဘ ဂ,လ နည်းကို တွက်လိုလျှင်--

၁။ ဆန်း၏ အကွန့်ရာလုံးရေနှင့်ညီမျှသော ၁-ဂဏန်းများကို အထက် အောက် ဆင့်၍ ရေးရမည်၊

၂။ ယင်း အထက်အောက် ဆင့်ရေးထားသော ထိပ်ဖျား ၁- ၏နောက်၌ အာဂန္တုက ၁-ဂဏန်း ရေးရမည်၊

၃။ ရှေ့နှင့်နောက် ပေါင်း၍ရသော ဂဏန်းများကို အောက် အောက် အကြောင်းများ၌ ရေးရမည်၊

၄။ နောက်နောက် အကွက်များ၌ကား ထိပ်ဆုံး တစ်ကွက်ကို လျှော့၍ ရှေးနည်းအတိုင်း အာဂန္တုက ၁-ဂဏန်းရေးခြင်း၊ ရှေ့နောက် ပေါင်း၍ ရသော ဂဏန်းများကို အောက်အကြောင်းများ၌ ရေးခြင်း အစီအစဉ်များပြုလုပ်ရမည်။

၅။ အောက်ဆုံး အကြောင်းသည် သမ္ဘဂရုဂါထာ စသည်တို့၏ အရေအတွက်ကို ပြသော သမ္ဘ ဂ, လ နည်း ဖြစ်သည်။

ဥပမာ---၄-လုံးဖွဲ့ သမ္ဗ ဂ,လ နည်းကိုသိလိုသော်---
၄-လုံးဖွဲ့ ဖြစ်၍ ၁-ဂဏန်း ၄-လုံးဆင့်၍ ရေးထားပုံ။

၁

၁

၁

၁

ထိပ်ဖျားနောက်ဘေး ၁-ဂဏန်းကို ရေးထားပုံ။

၁ ၁

၁

၁

၁

ရှေ့နှင့်နောက် ပေါင်း၍ရသော ဂဏန်းများကို အောက်၌
ရေးထားပုံ။

၁ ၁

၁ ၂

၁ ၃

၁ ၄

နောက်အကွက်များ၌ ထိပ်တစ်ကွက်ချန်၍ ရေးထားပုံ၊
ရှေ့.နောက်ပေါင်း၍ အောက်၌ ရေးထားပုံ၊

	၁	၁			
	၁	၂	၁		
	၁	၃	၃	၁	
သမ္ဘ ဂ, လနည်း→	၁	၄	၆	၄	၁

* အောက်ဆုံးအကြောင်းသည် သမ္ဘဂ, လ နည်းကို ညွှန်ပြသဖြင့် ယင်းအောက်ဆုံးအကြောင်းရှိ ဂဏန်းများ၏ ညွှန်ပြချက်အရ---

၁။ သမ္ဘဂရှု ၁-ဂါထာ၊
၂။ တိဂရှု ၄-ဂါထာ၊
၃။ ဒွိဂရှု ၆-ဂါထာ၊
၄။ ဧကဂရှု ၄-ဂါထာ၊
၅။ သမ္ဘလဟု ၁-ဂါထာ- ဟု အသီးသီး သိရသည်။

၅။ ဝုတ္တသချိုနည်း

* *သမ္ဘ ဂ, လ၊ ဥဒ္ဒိဌလာ၊ ပေါင်းသချိုး၊ မှတ်ပါ ဝုတ္တသချိုနည်း။*

ဆန်းညီ နှစ်မျာ။ ဆက်မြှောက်ပွား။ အခြား ဝုတ္တသချိုနည်း။

ပထျာတစ်ခုတွင် ပါဝင်သော ဂါထာအရေအတွက်ကို ညွှန်ပြသောနည်းသည် ဝုတ္တသချိုနည်းမည်၏။

ဝုတ္တသချိုနည်းကို တွက်လိုသော်---

၁။ သမ္ဘ ဂ,လ နည်း၏ ဂဏန်းတို့ကို ပေါင်းလျှင် ဝုတ္တသချိုဖြစ်၏။

၂။ (တနည်း) ဥဒ္ဒိဌနည်းလာ ဂဏန်းများကို ပေါင်းလျှင်လည်း ဝုတ္တသချိုဖြစ်၏။

၃။ (တနည်း) ဆန်း၏ အကွာရာလုံးရေနှင့် ညီမျှသော ၂-ဂဏန်းများကို ဆက်၍ မြှောက်လျှင်လည်း ဝုတ္တသချို ဖြစ်၏။

၄လုံးဖွဲ့ ပထျာ၌ ဝုတ္တသချီ (ဂါထာအရေအတွက်)ကို သိလိုသော်–

၁။ ပထမနည်း တွက်ပုံ



၂။ ဒုတိယနည်းတွက်ပုံ



အပို တစ်ဂဏန်းနှင့်တကွ ဥဒ္ဒိဋ္ဌနည်း ဂဏန်းတို့ကို ပေါင်းလျှင်––

၃။ တတိယနည်းတွက်ပုံ

$$2 \times 2 \times 2 \times 2 = ၁၆$$

၆။ ဝုတ္တာအဒ္ဓါနည်း

** ၈, လ နှင့်ကြား။ လက်သစ်ထားလျှက်၊ ဆန်းအကွာရာ၊ ပထျာကို၊ မြှောက်ပါ နှစ်ခု၊ နုတ်တစ်ခု၊ မှတ်ရှု နံ,လျှား ကွာ အဝေး။။*

ပထျာတစ်ခု၏ အလျား အနံ အတိုင်းအတာကို တွက်ချက်သောနည်းကို ဝုတ္တာအဒ္ဓါနည်းဟုခေါ်သည်၊ ယင်းဝုတ္တာအဒ္ဓါနည်း၌--

၁။ ၈ရ နှင့် လဟု တို့ကိုလည်းကောင်း၊ ၈ရ, လဟုတို့၏ ကြားကိုလည်းကောင်း လက်တစ်သစ်စီ မှတ်သားထားရမည်၊

၂။ ဆန်း၏ အကွာရာလုံးရေဟူသော ဆန္ဒကွာရသချိုကို ုတည်၍ ၂-ခုမြှောက်ပြီး ၁-ခုနုတ်လျှင် အနံ အတိုင်းအတာပမာဏ ဖြစ်၏။

၃။ ပတ္ထာရ သို့မဟုတ် ဝုတ္တာသချိုကိုတည်၍ ၂-ခုမြှောက်ပြီး တစ်ခုနုတ်လျှင် အလျား အတိုင်းအတာ ပမာဏ ဖြစ်၏။

တွက်ပုံ

၄-လုံးဖွဲ့၌ -- ဆန္ဒကွာရသချိုကား (၄) ခု၊
ပတ္ထာရသချိုကား (၁၆) ခု ဖြစ်၏။

၄ × ၂ - ၁ = ၇ ---- အနံ လက်သစ်ဖြစ်၏။

၁၆ × ၂ - ၁ = ၃၁ ---- အလျား လက်သစ်ဖြစ်၏။

၄-လုံးဖွဲ့ ပထျာ



နိဂုံး

ကျမ်းကြီးတွင် ပဌာန်း ကျမ်းငယ်ဆန်း၊
ကျမ်းလတ် ဓာတုကထာတိ စ။
ကံစမ်းတော့ မန်း ဉာဏ်စမ်းတော့ ဆန်း၊
ဣတိ အာဒီဟိ သာသနေ။ *(မ–ကာရုဝိပုလာ)*

အခက်ကျမ်းတွင် အန္တောဂဓ၊
ဆန်းကျမ်းဣတိ သုပါကဋ်။
လျင်မြန်လွယ်ကူစွာ ဇာနိတုံ၊
မယာ ဝိရစိတံ ဣမံ။ ။ *(တ–ကာရုဝိပုလာ)*

၁၄– ၆– ၉၅
နယုန်လပြည့်ကျော် (၂) ရက်
၁၃၅၇–ခု။

အရှင်တိလောကာဘိဝံသ (အင်းစိန်) ၏
ထုတ်ဝေပြီး ကျမ်းစာများ

စာချ/စာသင် သုတေသီများအတွက် လက်ဆောင်ကျမ်းများ

၁။ မာတိကာမာတုကထာလက်ဆောင်

၂။ ယမက လက်ဆောင် (အောက် ၅–ကျမ်း)

၃။ ယမက လက်ဆောင် (အထက် ၅–ကျမ်း)

၄။ ပဋ္ဌာန်း လက်ဆောင် (ဇယား)

၅။ ပဋ္ဌာန်း လက်ဆောင် (ပို့ချစဉ်)

၆။ အဘိဓမ္မာ လက်ဆောင် (အကျဉ်း+ အကျယ်)

၇။ ဆန်းလက်ဆောင်

စာချ/စာသင်သုတေသီများအတွက် အဖြေစုံကျမ်းများ

၈။ အခြေပြုမူလတန်း ပုစ္ဆာ + အဖြေစုံ

၉။ ပထမငယ်တန်း ပုစ္ဆာ + အဖြေစုံ

၁၀။ ပထမလတ်တန်း ပုစ္ဆာ + အဖြေစုံ

၁၁။ ပထမကြီးတန်း ပုစ္ဆာ + အဖြေစုံ

ဗဟုသုတရှာမှီးလိုသူများအတွက် ကျမ်းစာများ

၁၂။ ရှင်ပြုရဟန်းခံ အကြောင်းသိကောင်းစရာ

၁၄။ ကိုးကွယ်မှုဆိုင်ရာ သိစရာနှင့် ဗုဒ္ဓသာသနာ့သမိုင်း

အဘိဓမ္မာသင်ကြားပို့ချလိုသူများအတွက် အထူးစီစဉ်ထားသော

အဘိဓမ္မာလက်ဆောင်

ဗုဒ္ဓအဘိဓမ္မာ နားလည်တတ်သိရန်နှင့် ဝိပဿနာအခြေခံ နာမရူပ ပရိစ္ဆေဒဉာဏ် ရင့်သန်ဖို့အတွက် အခွင့်ကောင်းကြီး ကြုံနေပါပြီ။

အဘိဓမ္မာသင်ကြားပို့ချမ်းလာ သရုပ်အဓိပ္ပါယ်များနှင့် အဘိဓမ္မာဆိုင်ရာ သဘောတရားများကို အချိန်အတိုဆုံးဖြင့် လွယ်ကူစွာ တတ်မြောက်နိုင်အောင် စီစဉ်ထားသည်။

ဤကျမ်းဌ--

* သက်သာလွယ်ကူသော စနစ်များ
* ဆန်းသစ်သော စနစ်များ
* မမေ့ပျောက်အောင် မှတ်နည်းများ ပါဝင်သည်။

မည်သူမဆို လိုလားမှု ကြိုးစားသူဖြစ်က တစ်လ နှစ်လ (သို့မဟုတ်) သုံးလအတွင်းမှာပင် သင်ကြားပို့ ၉-ပိုင်းလုံး တတ်မြောက်နိုင်ပြီး အဘိဓမ္မာစာမေးပွဲများကို မုချဖြေဆိုနိုင်ပါလိမ့်မည်။

သဒ္ဒါလက်ဆောင်

သဒ္ဒါတတ်မှ၊ စာတတ်လှ၊ အတ္ထအမှန်သိ ဟု လယ်တီဆရာတော်
၏ အဆိုအမိန့်အတိုင်း-

၁။ ဝိမုတ္တိရသကို ဧကန်မုချ ခံစားနိုင်ရန် အကျင့်မှန်ဖို့လိုအပ်သည်၊

၂။ အကျင့်မှန်နိုင်ရန် အနက်မှန်သိဖို့ လိုအပ်သည်၊

၃။ အနက်မှန်သိနိုင်ရန် ပိဋကတ်စာပေ တတ်မြောက်ဖို့ လိုအပ်
သည်၊

၄။ စာတတ် ပေတတ် ဖြစ်ရန် သဒ္ဒါတတ်ဖို့ လိုအပ်သည်၊

ယင်းသို့ အရေးကြီးလှသည့် သဒ္ဒါကို သုတ်စဉ် သုတ်နက်
ကျက်ရန်မလိုဘဲ လ-ပိုင်းအတွင်း အချိန်တိုတိုဖြင့် တတ်မြောက်
နိုင်ရန် စီစဉ်ထားသော-

သဒ္ဒါလက်ဆောင်

(မကြာမီ ထွက်လာပါမည်)